ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ အင်္ဂါနေ့၊ (7-3-2006) (၄၈၉၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မုံရွာမြို့ ပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်ခြင်းလုပ်ငန်းကြည့်ရှု ဌာနဆိုင်ရာနှင့် တပ်နယ်မိသားစုများ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းပျိုးခင်းများကိုစစ်ဆေး ဒေသခံတောင်သူများအား တွေ့ဆုံ၍ ရေလျှံတွင်းမှရေများအား အကျိုးရှိရှိအသုံးပြုရေးမှာကြား

ရန်ကုန်　　မတ်　　၆

မုံရွာမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁ ရက် နံနက် ၆ နာရီတွင် မုံရွာမြို့ ဘိုးဘွားရိပ်သာမှ ကျွဲရဲလမ်းဆုံအထိ ပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက လမ်းအရှည် ၇ ဒသမ ၂၉ မိုင်ရှိ မုံရွာမြို့ ဘိုးဘွားရိပ်သာမှ ကျွဲရဲလမ်းဆုံအထိ ပြည်ထောင်စုလမ်းမကြီးကို အပိုင်းသုံးပိုင်းခွဲ၍ ဖောက်လုပ်လျက်ရှိပြီး လမ်းပိုင်းတွင်ပါဝင်သော တံတားငါးစင်းတွင် နှစ်စင်း တည်ဆောက်ပြီးစီးမှုနှင့် ကျောက်သားခင်းပြီးလမ်းပိုင်းများကို ကတ္တရာခင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်မှ ပြည်ထောင်စုလမ်းမကြီး ကျောက်သားလမ်းခင်းကျင်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုလမ်းမကြီး၏ ဘူတာရုံလမ်းနှင့် ကျောက်ကာလမ်းအကြား ကျောက်သားခင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အရာတော်မြို့နယ်အဝင် တုံးတင်ကန်ကျေးရွာအုပ်စုရှိ အရာတော်မြို့နယ်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အရာတော်မြို့နယ် မြေနတ်ကျေးရွာ အုပ်စုရှိ ရေလျှံတွင်းမှ ရေများကို ဒေသခံတောင်သူများ သောက်သုံးရေအဖြစ် သုံးစွဲမှုအား ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါး၊ သတင်း အညွှန်း

▶ *မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် အစဉ်အလာသည် ရှေးကာလရှည်လျားစွာကပင် တည်ရှိခဲ့သည်။ မြန်မာနိုင်ငံသားတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမြတ်နိုးမှုကို မြို့ပြနှင့် ကျေးလက်တစ်ခွင်ရှိ သာယာလှပ စိမ်းလန်းစိုပြည်နေသည့် ရှုခင်းမြင်ကွင်းများက အထောက်အထားအဖြစ် ဖော်ပြနေသည်။*
ခေါင်းကြီး　(စာမျက်နှာ-၂)

▶ *ငါးလုပ်ငန်းဦးစီးဌာနမှ ပင်လယ်လိပ်ဥများအား သားဖောက်ကာ ပင်လယ်ပြင်သို့ ပြန်လွှတ်ပေးသည့် မျိုးထိန်းသိမ်းခြင်းလုပ်ငန်းကို ဧရာဝတီတိုင်းရှိ ငပုတောမြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိပြီး မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် စူးစမ်းလေ့လာလျက်ရှိနေပါသည်။*
မိမိမော်(မဟာသိပ္ပံ)၏ **"ဤကမ္ဘာမှာ သက်ရှည်ကြာ လိပ်မျိုးထိန်းသိမ်းပါ"** ဆောင်းပါး
(စာမျက်နှာ-၃)

▶ *(၇၈)ကြိမ်မြောက် အော်စကာဆုချီးမြှင့်ပွဲ* သတင်း၊ ဓာတ်ပုံနှင့် အင်တာနက်သတင်းများ
(စာမျက်နှာ-၇)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၇-၃-၂၀၀၆
(အင်္ဂါနေ့)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအလေးထား သစ်ပင်သစ်တောများ စနစ်တကျထိန်းသိမ်းစောင့်ရှောက်

ကမ္ဘာပေါ်ရှိ သက်ရှိအားလုံး၏ ပတ်ဝန်းကျင်တွင် လေထု၊ ရေထု၊ မြေထု၊ သစ်ပင်တောတောင်နှင့် သဘာဝသယံဇာတ ပစ္စည်းများဖြင့် ဝန်းရံနေသည်။ ကမ္ဘာ့လူသားအားလုံး ဖူလုံပြည့်စုံစွာ စားသောက်နေထိုင်နိုင်ရေး၊ သက်ရှိအားလုံး ဆက်လက်ရှင်သန်နိုင်ရေးတို့အတွက် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုရှိနေရန် လိုအပ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့နေရာဒေသ အနှံ့အပြား၌ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများဖြစ်သည့် သစ်တော ပြုန်းတီးမှု၊ သဲကန္တာရ ဖြစ်ပေါ်လာမှု၊ လယ်ယာမြေအရည်အသွေးနိမ့်ကျမှု၊ မြေပြင်မှ ရေအားလျော့ပါး ခန်းခြောက်လာမှုများ ဖြစ်ပေါ်နေကြောင်း တွေ့ရသည်။

ထို့အပြင် နိုင်ငံများစွာတို့၌ ပင်လယ်များ၊ မြစ်များမှ ရေထုညစ်ညမ်းမှု၊ ရာသီဥတုပြောင်းလဲမှုများနှင့်အတူ သစ်တော၊ သင်ပင်များ၊ ဇီဝမျိုးစုံ မျိုးကွဲများ လျော့နည်းပြုန်းတီး ပျောက်ကွယ်လာမှုများကိုလည်း တွေ့ကြုံနေကြရသည်။

ယင်းသို့သော အကြောင်းတရားများကြောင့် ကမ္ဘာ့နိုင်ငံတိုင်း၊ ဒေသတိုင်းက သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ ယိုယွင်းပျက်စီးမှု မရှိစေရေးအတွက် အလေးထား ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများကို ဆောင်ရွက်လာကြသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့်အစဉ်အလာသည် ရှေးကာလ ရှည်လျားစွာကပင် တည်ရှိခဲ့သည်။ မြန်မာနိုင်ငံသားတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမြတ်နိုးမှုကို မြို့ပြနှင့် ကျေးလက်တစ်ခွင်ရှိ သာယာလှပ စိမ်းလန်းစိုပြည်နေသည့် ရှုခင်းမြင်ကွင်းများက အထောက်အထားအဖြစ် ဖော်ပြနေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ၁၉၉၄ ခုနှစ်မှ စတင် အကောင်အထည်ဖော်ခဲ့သည်။ ယခုအခါ ၁၃ ခရိုင်အထိ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၌ သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်လျက် ရှိနေပြီဖြစ်သည်။

နိုင်ငံတော်က ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေရရှိရေးအစီအမံများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိရာ လယ်ယာစိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက်သာမက ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုပါ အကျိုးပြုလျက်ရှိသည်။

ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများကလည်း ဒေသအလိုက် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများ၊ ကျွန်းစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်များနှင့် ရှားပါးသစ်ပင်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်လျက်ရှိကြောင်း တွေ့မြင်နေရသည်။

ထို့အပြင် နိုင်ငံတော်၏ သဘာဝအမွေအနှစ်များဖြစ်သည့် သစ်တော၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေများဖြင့် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နေပေသည်။

ဥတုရာသီ တောကိုမှီ၏ဟူသည့် ဆောင်ပုဒ်နှင့်အညီ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်း စောင့်ရှောက်ခြင်းသည် ရာသီဥတုမှန်ကန်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ပေသည်။ ရှေးအစဉ်အဆက်က စိုက်ပျိုးထားခဲ့ကြသည့် သစ်ပင်သစ်တော များ၏ အကျိုးကျေးဇူးကို မျက်မှောက်ခေတ်တွင် အမွေဆက်ခံ အကျိုးခံစားနေကြရပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို နိုင်ငံတစ်ဝန်း၌ အလေးထား ဖော်ဆောင်လျက်ရှိချိန်တွင် ပြည်သူတစ်ရပ်လုံးကလည်း မိမိတို့ဒေသအလိုက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အလေးထား ဖော်ဆောင်ရင်း ရှားပါးတိရစ္ဆာန်နှင့် သစ်ပင်သစ်တောများအား စနစ်တကျ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

ဓမ္မရောင်ခြည် တရားပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၆

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းခွဲ(၅၆) တစ်နှစ်ပြည့် အထိမ်းအမှတ် တရားပွဲများကို စမ်းချောင်းမြို့နယ် မြေနီကုန်း တောင်ရပ်ကွက် ဈေးလမ်းနှင့် ဓမ္မာရုံလမ်းထောင့်ရှိ မြေနီကုန်းဓမ္မာရုံတွင် ကျင်းပသွားမည်ဖြစ်ရာ မတ် ၈ ရက်တွင် ဒေါက်တာ အရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်)၊ မတ် ၉ရက်တွင် အရှင်ဝိမလ(ဓမ္မဒူတ-တောင်စွန်း)၊ မတ် ၁၀ရက်တွင် အရှင်အာစာရ လင်္ကာရ (ကိုးဘွဲ့ရ) (စစ်ကိုင်း၊ ရွှေဟင်္သာ)၊ မတ် ၁၁ရက်တွင် အရှင်သဒ္ဓမ္မ ကိတ္တိသာရ (အောင်ဆန်းတောရ တပ်ဦးကျောင်း)၊ မတ် ၁၂ရက်တွင် အရှင်စန္ဒသိရိ (အောင်စကြာ မိုးကုတ်ဝိပဿနာကျောင်း)၊ မတ် ၁၃ရက်တွင် အရှင်ဇဝန (မေတ္တာရှင်၊ ရွှေပြည်သာ)တို့က ညစဉ် ၇ နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကွယ်လွန်သူဖခင်ကြီး ဦးအောင်စိန်အားရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် (၉)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်း သုခလမ်းထိပ်နေ ဒေါ်အေးတင်မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံအတွက် ငွေကျပ်သုံးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပုလောမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ဝိသိဋ္ဌပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် (၁/၂၀၀၆)အရ သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခံရသော ပုလောမြို့နယ်ဖွား မြိတ်မြို့ ကန်သာစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိမလအား ပုလောမြို့နယ်အသင်း(ရန်ကုန်)က မတ် ၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် အသင်းတိုက်၌ထပ်ဆင့် ပူဇော်မည်ဖြစ်သည်။

မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ပူဇော်နိုင်ကြရန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းလိုသူများသည် ဦးမောင်လှ(ဥက္ကဋ္ဌ)ဖုန်း-၅၁၄၉၆၉၊ ဦးဘမြင့်(ဒု-ဥက္ကဋ္ဌ)ဖုန်း-၃၇၈၆၃၇၊ ဦးကြီးညွန့်(ဒု-ဥက္ကဋ္ဌ)ဖုန်း-၂၉၆၉၆၂၊ ဦးမောင်အုံး(အတွင်းရေးမှူး) ဖုန်း-၂၂၈၀၃၃၊ ဦးချစ်ထွေး(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၇၀၆၁၇၇နှင့် ဦးသန်းဝင်း(အသင်းအုပ်ချုပ်ရေးမှူး) ဖုန်း-၂၂၀၃၂၄၊ ၂၂၉၇၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲ ဆုရရှိသူများ အမည်စာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၆

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဗျာ၊ အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် စစ်ချီစစ်ရေးတေးပြိုင်ပွဲများမှ ဆုရရှိသူများအမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

စစ်ချီတေးပြိုင်ပွဲတွင် ကြည့်မြင်တိုင်မြို့နယ်မှ ဒီဃဦး၏ "အမျိုးကိုချစ်သော တပ်မတော်"က ပထမ၊ မြဝတီရပ်သံမှ ဝင်းထွန်း(မြဝတီ)၏ "နိုင်ငံတော်အတွက် ကြည်းရေလေ"က ဒုတိယ၊ တောင်ဥက္ကလာပမြို့နယ်မှ လေးနိုင်မင်း(မြဝတီ)၏ "ကြည်းရေလေတို့ တပ်မတော်"က တတိယ အသီးသီးရရှိကြပြီး အထူးဆုများအဖြစ် အင်းစိန်မြို့နယ်မှ လင်းကျော်၏ "ပြည်သူနှင့်အတူ"၊ သဃ်န်းကျွန်းမြို့နယ်မှ စောရန်ကျော်၏ "ပြည်သူနဲ့တပ်မတော်"၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ နေမွန်ရွှေဝင်း၏ "သမိုင်းကြောင်းကောင်းတဲ့ တပ်မတော်"တို့က အသီးသီးရရှိကြသည်။

စစ်ရေးအဆင့်(၁)ပြိုင်ပွဲတွင် ရွှေပြည်သာမြို့နယ်မှ တက္ကသိုလ်အေးကို၏ "တပ်နှင့်ပြည်သူ အောင်လံထူ"က ပထမ၊ တာမွေမြို့နယ်မှ ထွန်းထွန်းမင်း၏ "ကြည်းရေလေ၏ ပန်းတိုင်ခရီး"က ဒုတိယ၊ စမ်းချောင်းမြို့နယ်မှ မခင်မြသက်နှင်း၏ "ခေတ်မီစစ်စွမ်းရည်နှင့် မြန်မာ့တပ်မတော်"က တတိယ အသီးသီးရရှိကြပြီး အထူးဆုများအဖြစ် တောင်ဥက္ကလာပမြို့နယ်မှ လေးနိုင်မင်း(မြဝတီ)၏ "အမိမြေရဲ့ ပြည်ချစ်သား"၊ မြဝတီရပ်သံမှ ဝင်းထွန်း(မြဝတီ)၏ "လေးစားဂုဏ်ယူမိတာ"၊ တောင်ဥက္ကလာပမြို့နယ်မှ စိုးထွဋ်ခိုင်၏ "စည်းလုံးချစ်ကြည် ခိဋ္ဌာန်ညီ တိုင်းပြည်သစ်ကိုတည်"၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ နေမွန်ရွှေဝင်း၏ "သမိုင်းပေး တာဝန်ကျေ"၊ တောင်ဥက္ကလာပမြို့နယ်မှ ဟင်္သာတမျိုးအောင်၏ "ညီနောင်ချစ်ကြင် အလှဆင် မြန်တိုင်းသာစေ အောင်ဌာနေ"တို့က အသီးသီးရရှိကြသည်။

စစ်ရေးတေးအဆင့်(၂)ပြိုင်ပွဲတွင် အင်းစိန်မြို့နယ်မှ ပွင့်သစ်ဦး (ကလေးဝ)၏ "စစ်မြေစခန်းသို့ ချစ်မှာတမ်း"က ပထမ၊ တောင်ဥက္ကလာပမြို့နယ်မှ ယုကီ၏ "မြန်မာ့သွေး မြန်မာ့သား"က ဒုတိယ၊ ပုဇွန်တောင်မြို့နယ်မှ စောလှထွန်း၏ "အမျိုးကိုချစ်သော တပ်မတော်"က တတိယ အသီးသီးရရှိကြပြီး အထူးဆုများအဖြစ် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မှ မျိုးဆွေသန့်၏ "မြန်မာ့စစ်သည်တော်"၊ မင်္ဂလာဒုံ မြို့နယ်မှ အောင်နိုင်စိုး၏"သားသားချစ်တဲ့ မြန်မာ့တပ်မတော်"၊ မြောက်ဥက္ကလာပမြို့နယ်မှ စောစုစုစံ၏ "ပန်းတိုင်ရည်မှန်း လှမ်းတက်ညီ ပြည်ထောင်စု အလှပန်းချီ"၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မှ တင့်လွင်ဦး၏ "နှလုံးသားလှတဲ့ သားကောင်းဇာနည်"၊ မြဝတီရပ်သံမှ နေမျိုးဝင်း၏ "နှလုံးသားထက်က ကမ္ပည်းသစ္စာ" တို့က အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် ၂၀၀၆ ခုနှစ် မတ် ၂၇ရက် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုများတက်ရောက်ယူကြရမည်ဖြစ်သည်။ အထူးဆု ရရှိသူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် အခမ်းအနားဖြင့် ဆုချီးမြှင့်သွားမည်ဖြစ်သည်။ ဆုရရှိသူများသည် ရုပ်မြင်သံကြားမှတ်တမ်းတင်ရိုက်ကူးရန် အတွက် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ ဦးကိုကိုထွေး အတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ အမြန်ဆုံး လူကိုယ်တိုင် လာရောက်သတင်းပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

ဂျုံကမ္ဘာမှာ သက်ရှည်ကြာ လိပ်မျိုးထိန်းသိမ်းပါ

မိမိမော်(မဟာသိပ္ပံ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အပါအဝင် ကမ္ဘာအနှံ့အပြားတွင် သဘာဝဝန်းကျင် ယိုယွင်းပျက်စီးခြင်း မရှိအောင် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်လျက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော်သဘာဝအရင်းအမြစ်များ ပျက်စီးပျောက်ကွယ်သွားပါက ဂေဟဗေဒစနစ်များပြတ်တောက်သွားနိုင်ပြီး သဘာဝဘေး အန္တရာယ်များ ကျရောက်လာနိုင်သောကြောင့် ဖြစ်ပါသည်။

ယနေ့အခါတွင် သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည့် သက်ရှိ သယံဇာတ ပင်လယ်လိပ်များသည် ကမ္ဘာပေါ်တွင်သာမက မြန်မာနိုင်ငံတွင်ပါ မျိုးသုဉ်းပျောက်ကွယ်မည့် အခြေအနေသို့ ကျရောက်နေပါသည်။ ပင်လယ်လိပ်များသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးနှင့် သက်တမ်း အရှည်ကြာဆုံး သတ္တဝါမျိုးစိတ်ဖြစ်ပြီး လွန်ခဲ့သော နှစ်သန်းပေါင်း ၂၀၀ ဝန်းကျင်က ဒိုင်နိုဆောသတ္တဝါများထက် ရှေးဦးစွာပေါ်ပေါက်ခဲ့ပါသည်။ ကမ္ဘာအနှံ့အပြားတွင် ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိပြီး မြန်မာနိုင်ငံ၌ ပင်လယ်လိပ်မျိုးစိတ် ငါးမျိုးရှိပါသည်။ ၎င်းတို့မှာ လိပ်စောင်းလျား၊ ပြင်သာလိပ်၊ လိပ်ခွေး၊ လိပ်ကြက်တူရွေး၊လိပ်လျှောင်းတို့ဖြစ်ပါသည်။ ယခုအခါ ကမ္ဘာပေါ်ရှိ ပင်လယ်လိပ်မျိုးစိတ်များသည် မျိုးသုဉ်းပျောက်ကွယ်မည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ မျိုးပြုန်းတီးလုသတ္တဝါမျိုးစိတ်ထဲတွင် သတ်မှတ်ထည့်သွင်း၍ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ပင်လယ်လိပ်များ တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ်ရခြင်း၏ အကြောင်းရင်းမှာ လူသားများက ဥများကို စားသုံးခြင်း၊ ဥများနှင့် သားပေါက်များအား

သားစားသတ္တဝါများက စားသုံးခြင်း၊ ပင်လယ်လိပ်များအား မဆင်မခြင် သတ်ဖြတ်စားသုံးခြင်း၊ အခွံများအား အလှတန်ဆာဆင် ပစ္စည်းများအဖြစ် ပြုလုပ်ခြင်း၊ လိပ်များ၏စားကျက်ဒေသများပျက်စီး ပျောက်ဆုံးခြင်းနှင့် ရေထုညစ်ညမ်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

ထို့အပြင် တရွတ်ဆွဲပိုက်၊ ငါးလိပ်ကျောက်ပိုက်၊ ဝိုင်းချုပ်ပိုက်၊ ငါးမျှားတန်း၊ ငါးမျှားစကြာ၊ ကျောက်ပုစွန်ဖမ်းသည့်ပိုက်၊ မျှောပိုက်၊ ကျားပိုက်အစရှိသော ငါးဖမ်းကိရိယာများတွင် ငြိတွယ်ဖမ်းမိကြပြီး သတ်ဖြတ်စားသုံးခြင်း ခံရသောကြောင့်လည်း မျိုးသုဉ်းပျောက်ကွယ်ရခြင်း ဖြစ်ပါသည်။ ပင်လယ်ပြင်၌ အသုံးပြုသော ငါးဖမ်းပိုက်အများစုသည် ၂၄နာရီကြာမှ တစ်ခါဖော်သည့်အတွက် ငါးဖမ်းပိုက်ဖြင့် ငြိတွယ်မိသော ပင်လယ်လိပ်များသည် ရေမွန်း၍ သေဆုံးကြရပါသည်။ ပင်လယ်လိပ်များ၏ သဘာဝသည် ရေမျက်နှာပြင်အထက်သို့ တက်၍ တစ်နေ့လျှင် သုံးကြိမ် (သို့မဟုတ်)လေးကြိမ်ခန့် အသက်ရှူသည့် အလေ့အထရှိပြီး ၁၂နာရီအကြာ တစ်ခါ အသက်မရှူရလျှင် ရေမွန်းပြီး အသက်ရှူရပ်၍ သေဆုံးနိုင်ပါသည်။

ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဒေသခံအချို့သည် ကမ်းခြေသောင်များပေါ်သို့ တက်ရောက် ဥချသော လိပ်ဥများကို တူးဖော်စားသုံးရုံသာလျှင်မက ပင်လယ်လိပ်မကြီးများကိုပါ သတ်ဖြတ်စားသုံးလျက် ရှိနေပါသည်။ အချို့သော ပင်လယ်လိပ်များမှာ ငါးဖမ်းပိုက်အစအနများတွင် ငြိတွယ် ရှုပ်ထွေး၍ သေဆုံးကြရပြီး အချို့သော ပင်လယ်လိပ်များသည် ပလတ်စတစ်များအား အစာထင်မှတ် စားသုံးမှုကြောင့် သေဆုံးကြရပါသည်။ ပလတ်စတစ်များသည် ရေထုတွင် ငါး၊ လိပ်အစရှိသော ရေနေသတ္တဝါများ၏ အစာထင်မှတ်၍ စားသုံးမှုကြောင့် အဆိပ်အတောက်ဖြစ်စေနိုင်သည့်အပြင် ရေအောက်ကြမ်းပြင်ရှိ အပင်များ၊ ကျောက်ခက်များတွင် ဖုံးလွှမ်းလျက် ထိခိုက်မှုများဖြစ်ပေါ်စေနိုင်ပြီး မြေထုတွင် မြေဆီလွှာများကို အကန့်သဖွယ်ဖြစ်ပေါ်စေနိုင်ကြောင်း သုတေသနပညာရှင်များက စူးစမ်းလေ့လာတွေ့ရှိခဲ့ကြပါသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ပင်လယ်လိပ်ဥများအား သားဖောက်ကာ ပင်လယ်ပြင်သို့ ပြန်လွှတ်ပေးသည့် မျိုးထိန်းသိမ်းခြင်းလုပ်ငန်းကို ဧရာဝတီတိုင်းရှိ ငပုတောမြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိပြီး မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် စူးစမ်းလေ့လာလျက်ရှိနေပါသည်။

ဥများကိုသားဖောက်၍ ပင်လယ်ပြင်သို့ လွှတ်ပေးလိုက်သော လိပ်သားပေါက်ကလေးများမှာလည်း ပင်လယ်ထဲရှိ သားစားသတ္တဝါများ၏ စားသုံးခြင်း ခံကြရသဖြင့် ရှင်သန်နှုန်းမှာ ဝဒသမ ၂ ရာခိုင်နှုန်းခန့်သာရှိသောကြောင့် မကြာခင်ကာလတွင် ပင်လယ်လိပ်မျိုးစိတ်များ လုံးဝမျိုးသုဉ်း ပျောက်ကွယ်တော့မည့် အခြေအနေသို့ ကျရောက်နိုင်ပါသည်။

ပင်လယ်ရေထုကို အဆိပ်အတောက် ဖြစ်စေပြီး ပင်လယ်ဒီရေနီကို ဖြစ်ပေါ်စေနိုင်သော အပင်မျှောလေးမျိုးစိတ်များကို ပင်လယ်လိပ်များက အစားအစာအဖြစ် စားသုံးလျက်ရှိသောကြောင့် ပင်လယ်ဒီရေနီဖြစ်ပေါ်စေမှုအန္တရာယ်မှ တစ်စိတ်တစ်ဒေသကာကွယ်နိုင်ပါသည်။ ထို့ကြောင့် ပင်လယ်လိပ်များသည်ပင်လယ်ဂေဟဗေဒစနစ်ဆက်စပ်မှုတွင် အလွန်အရေးပါပြီးတန်ဖိုးရှိသည့် သတ္တဝါမျိုးစိတ် တစ်စိတ်ဖြစ်သည့် အပြင် ပင်လယ်၌နေထိုင်ကျက်စားသော အခြားသတ္တဝါမျိုးစိတ်များအား ဘေးအန္တရာယ်မှ ကယ်တင် နိုင်သည့် အခရာကျသည့် မျိုးစိတ်ဖြစ်ပါသည်။ ထို့အပြင် ပင်လယ်လိပ်များသည်အနာဂတ်လူသားမျိုးဆက်သစ် အတွက်အလွန်တန်ဖိုးရှိသည့်သတ္တဝါများပင်ဖြစ်ပါသည်။

အကယ်၍ ပင်လယ်လိပ်မျိုးစိတ်များ လုံးဝမျိုးသုဉ်းပျောက်ကွယ်သွားပါက ပင်လယ်ထဲ၌ နေထိုင်ကျက်စားသော ငါး၊ ပုစွန်အစရှိသော သတ္တဝါမျိုးစိတ်များသည် အပင်မျှောလေးမျိုးစိတ်များကြောင့် ဘေးဒုက္ခကျရောက် သေကျေပျက်စီးနိုင်ပါသည်။ ထို့ကြောင့် ပင်လယ်ဂေဟဆက်စပ်မှုအတွက် အလွန်အရေးပါသောပင်လယ်လိပ်မျိုးစိတ်များအား ထိန်းသိမ်းစောင့်ရှောက်ရန် အထူးလိုအပ်ပါသည်။

“ဒိုင်နိုဆောများထက် ရှေးဦးစွာ လိပ်မျိုးစိတ်များပေါ်ထွက်လာ၊ ပင်လယ်သဘာဝ ဝန်းကျင်မပျက်စီးဖို့ ပင်လယ်လိပ်များကို ထိန်းသိမ်းစို့.”

“လူသားများရဲ့ အားထားရာ သဘာဝ ပင်လယ်ပြင်ကြီးပါ၊ ပင်လယ် သဘာဝဝန်းကျင် တည်မြဲဖို့ ပင်လယ်လိပ်များကို စောင့်ရှောက်စို့.”

“ရေငန်သယံဇာတများ ဆက်လက်အစွန့်ရှည်ရေး၊ ပင်လယ်လိပ်များကို ဝိုင်းဝန်းထိန်းသိမ်းပေး”ဆိုသည့် ဆောင်ပုဒ်များအတိုင်း ပင်လယ်လိပ်များသည် ဇီဝမျိုးစုံမျိုးကွဲတွင် ပါဝင်သည့် အလွန်အဖိုး ထိုက်တန်သော ရေနေသက်ရှိ သယံဇာတများဖြစ်သည့်အတွက် ပင်လယ်လိပ်များအား မတော်တဆ ဖမ်းဆီးမိပါက သတ်ဖြတ်စားသုံးခြင်းမပြုဘဲ ဘေးကင်းရာ ပင်လယ်ပြင်သို့ ပြန်လွှတ်ပေးပြီး လိပ်ဥများအား တူးဖော် စားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။

ပင်လယ်လိပ်များသည် ၎င်းတို့၏ ခန္ဓာကိုယ်ဇီဝဖြစ်စဉ်အရ အသက်ပြင်း လေ့ရှိပြီး တော်ရုံတန်ရုံဒဏ်ရာရရုံဖြင့် အသက်မသေနိုင်ပါ။ ငြိတွယ်မိသော ငါးမျှားချိတ်၊ ငါးဖမ်းကိရိယာ အစရှိသည်တို့ကို ဖယ်ရှားပေးပြီး စိုစွတ်နေသော အဝတ်ဖြင့် ပင်လယ်လိပ်၏ ခန္ဓာကိုယ်ပိုင်းကို ဖုံးအုပ်ပေး၍ အနည်းဆုံး လေးနာရီကြာ အနားယူခိုင်းခြင်းကို ပြုလုပ်ပေးနိုင်ပါက အသက်ရှင်သန်နိုင်ပါသည်။ ထို့အတူပင် **ပင်လယ်လိပ်မကြီးများ ဥချပြီး ရက်ပေါင်း၅၀ခန့် အကြာတွင် လိပ်ဥများကို တူးဖော်စားသုံးခြင်းမရှိပါက ဥများမှ သားပေါက်လာကာ ပင်လယ်ပြင်သို့ ၎င်းတို့ ဗီဇ သဘာဝ အလျောက် ဆင်းသည့်အလေ့အထရှိပါသည်။**

ထို့ကြောင့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်ကြသော ဒေသခံပြည်သူများအနေဖြင့် ပင်လယ်လိပ်များအားဝိုင်းဝန်းကူညီကာကွယ်စောင့်ရှောက်ထိန်းသိမ်းပေးနိုင်ကြမည်ဆိုလျှင် ဒေသခံပြည်သူများအတွက် ဖြည့်တင်းပေးနိုင်မည့် အာဟာရကို သဘာဝပင်လယ်ပြင်ကြီးမှ ရေရှည် ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ လူသားများအား အဓိက အာဟာရဖြည့်စွမ်းပေးနိုင်သော ငါး၊ ပုစွန်အစရှိသော တန်ဖိုးကြီးမားသည့် ပင်လယ်သက်ရှိ သယံဇာတများ နေထိုင်ကျက်စားရာ ပင်လယ်သဘာဝ ဝန်းကျင်ကို ပျက်စီးယိုယွင်းခြင်း မရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းကြဖို့ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကမ္ဘာအနှံ့အပြားတွင် ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိပြီး မြန်မာနိုင်ငံ၌ ပင်လယ်လိပ် မျိုးစိတ် ငါးမျိုးရှိပါသည်။ ၎င်းတို့မှာ လိပ်စောင်းလျား၊ ပြင်သာလိပ်၊ လိပ်ခွေး၊ လိပ်ကြက်တူရွေး၊ လိပ်လျှောင်းတို့ ဖြစ်ပါသည်။ ယခုအခါ ကမ္ဘာပေါ်ရှိ ပင်လယ်လိပ် မျိုးစိတ်များသည် မျိုးသုဉ်းပျောက်ကွယ်မည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ မျိုးပြုန်းတီးလုသတ္တဝါ မျိုးစိတ်ထဲတွင် သတ်မှတ်ထည့်သွင်း၍ ထိန်းသိမ်း ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ကန်တော်မွန်အိမ်ရာနေ ကွယ်လွန်သူဖခင်ကြီး ဦးတင်ဦး၊ မိခင်ကြီး ဒေါ်ကျင်ခတို့အား ရည်စူး၍ကျန်ရစ်သူမိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မရမ်းကုန်းမြို့နယ် ပြည်လမ်း ရတနာလမ်းသွယ်နေ ဦးအောင်ဘ-ဒေါ်နွယ်နွယ်၊ သား စည်သူအောင်ဘ-မချိုမွန်၊ သား ကျော်သူအောင်ဘမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင်ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဗိုလ်ကြီးမောင်တင် (အငြိမ်းစား) လက်ခံယူစဉ်။ (က-ပ)

တိဘက်ဒေသရှိ စားကျက်မြေများ ကြွက်ကြောင့်ပျက်စီး ကြွက်အန္တရာယ် တိုက်ဖျက်ရေး ဆောင်ရွက်သွားမည်

ပေကျင်း မတ် ၅

တိဘက်ကုန်းမြေဒေသရှိ စိမ့်မြေတောများတွင် ကြွက်များသောင်းကျန်းနေသည်ကို နှိမ်နင်းရန် တရုတ်အာဏာပိုင်များက ရန်ပုံငွေ ယွမ် ၇ ဒသမ ၅ ဘီလီယံ(ဒေါ်လာ ၉၃၄သန်း) သုံးစွဲသွားရန် ရည်မှန်းထားကြောင်း ချိုင်းနားဒေးလီသတင်းစာက မတ် ၃ ရက်တွင် ဖော်ပြခဲ့သည်။

ကွမ်ဟိုင်းပြည်နယ် အနောက်ပိုင်းအလှမ်းကွာဝေးသောနေရာရှိ စန်ဂျင်ယန် ထိန်းသိမ်းရေးတောနှင့် တိဘက်ကုန်းမြေဒေသရှိ စိမ့်မြေတောအရပ်တွင် ကြွက်များ သောင်းကျန်းလျက်ရှိသည်။ ထို့အတွက်ကြောင့် မြေတိုက်စားခြင်းနှင့် စားကျက်မြေများ ပျက်စီးရခြင်းစသည့် ဒုက္ခများနှင့် ကြုံတွေ့နေကြရသည်မှာ ဆယ်စုနှစ်တစ်ခုပင် ကျော်ခဲ့ပြီဖြစ်သည်။

စန်ဂျင်ယန်ဒေသတွင် ကြွက် ကောင်ရေသည် အလွန်မတန် တိုးပွားလာခဲ့သဖြင့် ထိုအရပ်ရှိ စားကျက်မြေသုံးပုံတစ်ပုံအထိပင် ပျက်စီးခဲ့ရသည်။ ကြွက်များသည် မြေသားအတွင်းတွင်းများ တူးကာ လိုဏ်ခေါင်းများဖောက်ခြင်း၊ မြက်များကို ကိုက်ဖြတ်ပစ်ခြင်းနှင့် မြေသားကို အထက်အောက်လှန်ပစ်ခြင်းတို့ကြောင့် စားကျက်မြေများမှာ ကျွဲနွားတိရစ္ဆာန်များ မွေး၍မရလောက်အောင် ပျက်စီးခဲ့ရသည်ဟု ကွမ်ဟိုင်းပြည်နယ် စားကျက်မြေထိန်းသိမ်းရေးဌာနက ပြောကြားသည်။

စားကျက်မြေ ထိန်းသိမ်းရေးနှင့် ကြွက်အန္တရာယ် တိုက်ဖျက်ရေးအတွက် သုံးစွဲမည့်ရန်ပုံငွေကို ထိရောက်သည့် ကြွက်သတ်ဆေးဖော်စပ်နိုင်ရေး၊ ကြွက်နှိမ်နင်းရေး နည်းလမ်းရှာဖွေရေး၊ ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ကြွက်နှိမ်နင်းရေး နည်းလမ်းဖော်ထုတ်ရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ကျခံသုံးစွဲသွားမည်ဟုဆိုသည်။ **အင်အင်အေ၊ရိုက်တာ။**

တိဘက်မြို့တော် လာဆာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအတွက် မှတ်တမ်းများ ပြုစုနေသည်ကို မတ် ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သီရိလင်္ကာ ခရီးသွားလုပ်ငန်း မြင့်တင်

ကိုလံဘို မတ် ၅

ယခုနှစ် နှစ်ကုန်ထက်နောက်မကျဘဲ သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၆၀၀၀၀၀အထိ အလည်အပတ် လာရောက်မည်ဟု မိမိတို့မျှော်လင့်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် ဒေသတွင်း၌လည်းကောင်း၊ နိုင်ငံတကာတွင်လည်းကောင်း ခရီးသွားလုပ်ငန်း တိုးတက်လာရန် ရည်မှန်းချက်များ ချမှတ်ထားကြောင်း၊ ခရီးသွားလုပ်ငန်းမြင့်တင်မည့် အစီအစဉ်များကိုလည်း ရေးဆွဲထားသည့်အပြင် ခရီးသွားလုပ်ငန်းကို မူဝါဒအသစ်များနှင့်အညီ မကြာမီစတင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်း ဝန်ကြီးရာမာနျူဂျမ်က ပြောကြားကြောင်း ဒေလီးနယူးစ်သတင်းစာတွင် ရေးသားဖော်ပြထားသည်။

ယခုနှစ်ဇန်နဝါရီလတွင် သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၅၂၀၀၀ အထိ လာရောက်ခဲ့ကြောင်း၊ သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမှာ ၂၀၀၄ခုနှစ်တွင် ၅၆၆၂၀၂ဦးနှင့် ၂၀၀၅ခုနှစ်တွင် ၅၄၉၃၀၈ဦး ရှိကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဗင်နီဇွဲလား စစ်ရဟတ်ယာဉ်ပျက်ကျ တပ်ဖွဲ့ဝင်ငါးဦးနှင့် အရပ်သားနှစ်ဦး သေဆုံး

ကာရာကတ်စ်(ဗင်နီဇွဲလား) မတ် ၅

ကိုလံဘီယာနိုင်ငံ နယ်စပ်အနီးတွင် ဗင်နီဇွဲလားစစ်ရဟတ်ယာဉ်ပျက်ကျခဲ့ရာ လူ ခုနစ်ဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်အဖွဲ့များက မတ် ၂ ရက်တွင် ပြောကြားခဲ့သည်။

ပျက်ကျ

အမေဇုံဒေသ တောင်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျခဲ့ရာ ဗင်နီဇွဲလားတပ်ဖွဲ့ဝင်ငါးဦးနှင့် အရပ်သားနှစ်ဦး သေဆုံးခဲ့ပြီး တစ်ဦးသည် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း ဗင်နီဇွဲလား အိုင်အင်အေစီလေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။ ရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို ကာကွယ်ရေးဌာနက မပြောကြားခဲ့ကြောင်း၊အဆိုပါရဟတ်ယာဉ်သည် မတ် ၁ ရက်တွင်ပျက်ကျခဲ့ကြောင်း ဖော်ပြခဲ့သည်။ အဆိုပါ ရဟတ်ယာဉ်သည် အာပူရီပြည်နယ်တောင်ပိုင်းနှင့် အမေဇုံပြည်နယ် ပွာတိုအယာကူချိုမြို့အကြား ပျံသန်းနေသောရဟတ်ယာဉ်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

ဂျပန်နိုင်ငံ ဟွန်ဒါကားကုမ္ပဏီက ထုတ်လုပ်သော လောင်စာဆဲလ် အသုံးပြုမောင်းနှင်သည့်ကားသစ်တစ်စီးကို မတ် ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နီပေါနိုင်ငံအတွင်းသို့ ရွှေငွေနှင့် ကျောက်မျက်များ တင်သွင်းခွင့်ပြုမည်ဟု ထုတ်ဖော်အသိပေး

ခတ္တမန္ဒူ မတ် ၅

နီပေါကုန်သည်များကို နိုင်ငံအတွင်းသို့ ရွှေနှင့်ငွေကဲ့သို့သော အဖိုးတန်သတ္တုများနှင့် ကျောက်မျက်ရတနာများကို တရားဝင်တင်သွင်းခွင့် ဖွင့်ပေးလိုက်ပြီဖြစ်ကြောင်း သတင်းကို နီပေါအရာရှိများက မတ် ၃ ရက်တွင် ထုတ်ဖော်အသိပေးခဲ့သည်။

နီပေါနိုင်ငံအတွင်းသို့ အဖိုးတန်ပစ္စည်းများကို တင်သွင်းခွင့် လိုင်စင်ချပေးမည်ဆိုသော ကြေညာချက်ကို နီပေါအစိုးရက အမျိုးသားပြန်တမ်းတွင် ထည့်သွင်းထုတ်ပြန်ခဲ့သည်ဟု တာချ်ရတနာစကြာက ပြောကြားသည်။ ၎င်းသည် နီပေါနိုင်ငံ ရွှေနှင့်ငွေ ပန်းထိမ်အသင်းဥက္ကဋ္ဌဖြစ်သည်။ ယခင်အခါများက ပန်းထိမ်လုပ်လုပ်ငန်းရှင်များသည် လုပ်ငန်းသုံးအတွက် လိုအပ်သော ရွှေနှင့်ငွေများကို အိမ်နီးချင်းနိုင်ငံများရှိ ရွှေကုန်သည်များထံမှ နည်းနည်းချင်း လီ၍ ဝယ်ယူခဲ့ကြရသည်။ ယခင်က တစ်ကြိမ်လျှင် ရွှေတစ်ကီလိုနှင့် ငွေ ၁၅ ကီလိုသာ သယ်ယူခွင့်ရှိကြသည်။

ယခုအမိန့်အသစ်ကို ထုတ်ပြန်ကာ ရွှေ၊ ငွေနှင့်ကျောက်မျက်များ တင်သွင်းခွင့်ပြုခဲ့ခြင်းမှာနီပေါနိုင်ငံအတွက် ပထမဦးဆုံးအကြိမ် ဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ယင်းအမိန့်ကြောင့် နီပေါနိုင်ငံတွင်း၌ အဖိုးတန်သတ္တုများ အဝယ်ခက်ခဲတော့မည်မဟုတ်ဘဲ ရွှေငွေ ရောင်းလိုအား ကောင်းလာမည်ဖြစ်ကြောင်း စကြာက ပြောကြားသည်။

နီပေါတွင် ရွှေနှင့်ငွေ အရောင်းအဝယ်လုပ်သူများ လုပ်ငန်းလုပ်ကိုင်ရာ၌ လွယ်ကူမှုရှိစေရန် နီပေါ ရတ်စဆရာဘဏ်က လုပ်ငန်းရှင်များသို့ ဒေါ်လာများ ထုတ်ချေးမည့် မူဝါဒကို ကျင့်သုံးနေပြီဖြစ်ကြောင်း သတင်းများက ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကမ္ဘောဒီးယား၌ နိုင်ငံတကာအလှူရှင်များ အစည်းအဝေးကျင်းပ

ဖနောင်ပင် မတ် ၅

ကမ္ဘောဒီးယားအစိုးရနှင့် နိုင်ငံတကာအလှူရှင်များ၏ ညှိနှိုင်းအဖွဲ့ (စီဂျီ) အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ၌ မတ် ၂ ရက်မှစ၍ နှစ်ရက်ကြာ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသည် (၈)ကြိမ်မြောက် စီဂျီအဖွဲ့၏ ဆွေးနွေးပွဲဖြစ်သည်။ လာမည့်သုံးနှစ်အတွင်း၌ ကမ္ဘောဒီးယားနိုင်ငံအတွက် သုံးစွဲရန် ခွဲဝေလှူဒါန်းမှုကိစ္စအတွက် ဆွေးနွေးကြခြင်းဖြစ်သည်။ ထိုလှူဒါန်းငွေများသည် ကမ္ဘောဒီးယားနိုင်ငံ၏ ရသုံးမှန်းခြေငွေစာရင်း၏ ထက်ဝက်နီးပါးခန့်ရှိသည်။

တင်ပြဆွေးနွေး

ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေး ၂၀၀၅ ခုနှစ်၏ အကောင်အထည်ဖော်မှု အခြေအနေတိုင်းတာမှု ညွှန်ကိန်းများနှင့် ၂၀၀၆ ခုနှစ်အတွက် လုပ်ဆောင်မှုများ တိုင်းတာမည့် အကောင်အထည်ဖော်မှုဆိုင်ရာ ညွှန်ကိန်းများ သတ်မှတ်ရေးကိစ္စကို တင်ပြဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

၂၀၀၄ ခုနှစ်တွင် စီဂျီအဖွဲ့ အစည်းအဝေးကို နောက်ဆုံးကျင်းပခဲ့ပြီး ကမ္ဘောဒီးယားအစိုးရသို့ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၀၄ သန်း လှူဒါန်းရန် ကတိကဝတ်ပြုခဲ့ကြသည်။

ကတိပေး

ကမ္ဘောဒီးယားနိုင်ငံကို လာမည့် သုံးနှစ်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ လှူဒါန်းမည်ဟု ကတိပေးပြောကြားခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီး ကက်ဟန်က ပြီးခဲ့သော ရက်သတ္တပတ်တွင် ပြောကြားခဲ့သည်။

အဆိုပါနိုင်ငံသို့ ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၀၄ သန်း လှူဒါန်းခဲ့ရာမှ နောက်နှစ်တွင် အမေရိကန်ဒေါ်လာ ၅၈၃ သန်းအထိ ပိုမိုလှူဒါန်းရန် တောင်းခံမှုပြုလုပ်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အိန္ဒိယ နိုင်ငံ အာသံပြည်နယ် တိရစ္ဆာန်ရုံ သို့ ရောက် ရှိ လာသော ကိုကရာဂျာဒေသ ဂူရန် ထိန်း သိမ်း ရေး တောမှ ၁၆ ရက်သား ကျားသစ်ပေါက်နှစ်ကောင်ကို မတ် ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ- အင်တာနက်)*

ဂွာတာနာမို စခန်းတွင် ညှဉ်းပန်းနှိပ်စက်မှု အကျဉ်းသားတစ်ဦးက တရားစွဲဆို

ဂွာတာနာမို မတ် ၅

ဂွာတာနာမိုအကျဉ်းစခန်းမှ အကျဉ်းသားဖြစ်သူ ဟာမက်ဘာဝါဇီယာက အစာငတ်ခံ ဆန္ဒပြနေစဉ် ယင်းစခန်းရှိ အမေရိကန်အာဏာပိုင်များက ၎င်း၏လက်၊ ဦးခေါင်းနှင့် ခန္ဓာကိုယ်တို့ကို ကုလားထိုင်တွင် ကြိုးဖြင့် နှစ်နာရီကြာ ချည်နှောင်ထားပြီး အတင်းအဓမ္မ အစာရေစာ ကျွေးမွေးကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အာဏာပိုင်များက ဟာမက်ဘာဝါဇီယာ၏ နှာခေါင်းနှင့် ဝမ်းဗိုက်အတွင်းသို့ ပြွန်တစ်ချောင်းထိုးသွင်းခဲ့သဖြင့် မခံရပ်နိုင်လောက်အောင် နာကျင်ကြောင်း တရားရုံးမှ တရားသူကြီးတစ်ဦးထံသို့ တိုင်တန်းသည့် အမှုတွဲအရ သိရှိရသည်။

ယင်းအမှုတွဲတွင် ၎င်းအား ဖော်ပြပါအတွင်း ထိန်းသိမ်းထားစဉ် ရေအိမ်သွားခွင့်မပေးကြောင်း ဖော်ပြထားသည်။

ဇန်နဝါရီလအတွင်းက ယင်းသို့ပြုမူဆောင်ရွက်ခဲ့သဖြင့် ဟာမက်ဘာဝါဇီယာအနေဖြင့် ငါးလကြာ အစာငတ်ခံဆန္ဒပြမှုကို အဆုံးသတ်ခဲ့ရကြောင်း၊ ယင်းလုပ်ရပ်သည် နှိပ်စက်ညှဉ်းပန်းမှုဖြစ်ကာ အမေရိကန်၏ ဥပဒေကို ချိုးဖောက်ခဲ့ခြင်းဖြစ်ပြီး လူမဆန်သောလုပ်ရပ်ဖြစ်ကြောင်း ရှေ့နေများက ပြောကြားသည်။

ငြင်းဆို

၂၀၀၂ ခုနှစ်ကတည်းက ဂွာတာနာမို အကျဉ်းစခန်းတွင် အကျဉ်းချခံထားရသည့် ဘာဝါဇီယာသည် အကျဉ်းစခန်းအတွင်း နှိပ်စက်ညှဉ်းပန်းခံရမှု မဟုတ်မမှန်ကြောင်း အမေရိကန်တရားရေးဌာနမှ ရှေ့နေများက ငြင်းဆိုသည်။ ၎င်းသည် အကြမ်းဖက်သမားဟု သင်္ကာမကင်းဖြစ်ရသူဟု ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

တရုတ်နိုင်ငံ ကျင်ဟိုင်း-တိဘက် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၌ တာဝန်ကျနေသည့် အင်ဂျင်နီယာနှစ်ဦးသည် လုပ်ငန်းတာဝန်များ မအားလပ်မှုကြောင့် မင်္ဂလာဆောင်အခမ်းအနားကျင်းပရန်အတွက် နေအိမ်များသို့ပင် မပြန်နိုင်သဖြင့် ၎င်းတို့လုပ်ငန်းခွင်ရှိရာသို့ သတို့သမီးများက လိုက်လာပြီး ထိမ်းမြားလက်ထပ်ပွဲကို ဤသို့ အကျဉ်းရုံးပြုလုပ်ခဲ့သည်။ *(ဓာတ်ပုံ-ပေကျင်းရီဗျူး)*

ဆင်းရဲသူများအား ပိုမိုကူညီရန် လေယာဉ်လက်မှတ်များအပေါ် အခွန်စည်းကြပ်မှု ကိုဖီအာနန် ထောက်ခံ

ပါရီ မတ် ၅

ကမ္ဘာ့ဆင်းရဲသူများအား ပိုမိုအကူအညီပေးရန် လေယာဉ်လက်မှတ်များအပေါ် အခွန်စည်းကြပ်ရေး ပြင်သစ်နိုင်ငံ၏ အစီအစဉ်ကို ထောက်ခံကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က မတ် ၃ ရက်တွင် ပြောကြားသည်။ ပြင်သစ် သမ္မတ ဂျက်ရှီရက်၏ ထိုအစီအစဉ်ကို ကိုဖီအာနန်က ထောက်ခံသည်။

အခြားနိုင်ငံများအနေဖြင့် ပြင်သစ်နိုင်ငံကို အတုယူကြရန်လည်း ပါရီညီလာခံအစတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က တိုက်တွန်းလိုက်သည်။ ပြင်သစ်နိုင်ငံ၌ ဇူလိုင်မှစ၍ အကျိုးသက်ရောက်မည့် အဆိုပါအခွန်ကောက်မှုမှာ လေယာဉ်ခရီးစဉ်၏ အတိုအရှည်နှင့် လေယာဉ်လက်မှတ်အဆင့်အတန်းပေါ် မူတည်ကာ တစ်ယူရိုမှ ယူရို ၄၀ အထိ အမျိုးမျိုးရှိသည်။ ယင်းစနစ်အရ အခွန်ကောက်ခြင်းဖြင့် တစ်နှစ်လျှင် ရန်ပုံငွေ ယူရိုသန်း ၂၁၀ အထိ ရရှိမည်ဟု မျှော်လင့်ရသည်။

အင်တာနက်။

ပင်လယ်ဖျံ အမဲလိုက်သည့်ကိစ္စကို ဆန့်ကျင်သူနှစ်ဦးအား ကနေဒါနိုင်ငံ အတ္တလန္တိတ်ကမ်းခြေ ရေခဲပြင်ဒေသ၌ ဖျံငယ်တစ်ကောင်နှင့်အတူ မတ် ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပျောက်ဆုံးသွားသော ခြေတုနှစ်ဖက် ခိုးယူခံရာမှ ပြန်လည်တွေ့ရှိ

လော့စ်အိန်ဂျလိစ် မတ် ၅

၁၆ နှစ်အရွယ်ရှိ ကယ်လီဖိုးနီးယားမိန်းမပျိုလေး၏ သုံးလအတွင်း နှစ်ကြိမ်တိုင်ပျောက်ဆုံးခဲ့သော ခြေတုနှစ်ဖက်မှာ သူမ မိခင်၏ ကားနောက်ခန်းတွင် ထူးဆန်းစွာ ပြန်လည် တွေ့ရှိရသည်ဟု ရဲဘက်က သောကြာနေ့တွင် ပြောကြားသည်။

ဦးနှောက်ခြောက်

လော့စ်အိန်ဂျလိစ် ရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီး ဒေးဗစ်အော်စတင်၏ ပြောကြားချက်အရ အနာအဆာ အနည်းငယ်ရှိနေသော ခြေတုနှစ်ဖက်ပေါ်တွင် တွေ့ရသော လက်ဗွေရာများကြောင့် ဤခိုးမှုမှာ ရဲဘက်အတွက် ဦးနှောက် ခြောက်စေသည်ဟု ဆိုသည်။

ဆွေးနွေး

စုံစမ်းစစ်ဆေးသူများက ပြန်လည်တွေ့ရှိသော ခြေတုများကို လက်ဗွေ ပုံစံရယူရန်အတွက် ဖုံမှုန့်များကို ဖယ်ရှားပြီး ဆောင်ရွက်သော်လည်း သဲလွန်စရှာမရဘဲ ဖြစ်နေသည်ဟု ဆိုသည်။

တွေ့ရ

ဖေဖော်ဝါရီလအတွင်းက မီလစ်စာ ဟတ် ၏အိပ်ခန်းအတွင်းမှ ခိုးယူခြင်းခံရသော ခြေတုနှစ်ဖက်သည် ဗုဒ္ဓဟူးနေ့တွင် သူမမိခင်၏ ကားနောက်ခန်းတွင် ပြန်လည်တွေ့ရှိသည်ဟု အော်စတင်က ပြောသည်။

မစ်လစ်ဆာ၏မိခင် မစ်စစ်ဟတ်သည် အိမ်မှ နှစ်နာရီအကြာ မောင်းရသည့် ကာဒီယာအထက်တန်းကျောင်းသို့အသွား ကားနောက်ခန်းမှ ပစ္စည်းတစ်ခုနှင့်တစ်ခု ထိခိုက်သံများကြား၍ ကြည့်လိုက်ရာ မကြာသေးခင်က ပျောက်သွားသည့် သူမသမီး၏ခြေတုနှစ်ဖက် ဖြစ်နေသည်ကို တွေ့ရသည်ဟု အော်စတင်က ပြောသည်။

အမ်အင်အေ၊ ရိုက်တာ။

နိုင်ငံတကာ သတင်းများ

အဇာဘိုင်ဂျန်၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား

မော်စကို မတ် ၅

အဇာဘိုင်ဂျန်နိုင်ငံရှိ ကြက်မွေးမြူရေးခြံတစ်ခြံတွင် အိပ်ချ်-ဖိုက်အင်-ဝမ်းကြက်ငှက်တုပ်ကွေးရောဂါ ပထမဦးဆုံးဖြစ်ပွားကြောင်း တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် အတည်ပြုပြောကြားသည်။

သီးသန့်ခွဲခြား

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသည့် ဂီလယာဇီဒေသတွင် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အနီးဝန်းကျင် ဒေသများရှိ တိရစ္ဆာန်များ ကိုလည်း ရောဂါမကူးစက်စေရန် သီးသန့်ခွဲခြားထားပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး အစ်စမက်အက်ဘာဆော့ဗ်က သတင်းထောက်များကို ပြောကြားသည်။ အဆိုပါ မွေးမြူရေးခြံသည် မြို့တော်ဘာကူး၏မြောက်ဘက် ကီလိုမီတာ ၈၀အကွာတွင် တည်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့ရှိ မွေးမြူရေးခြံတစ်ခြံမှ တိရစ္ဆာန်များကို မတ် ၄ ရက်နေ့က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပိုးသတ်ဆေးများကြောင့် အမေရိကန်ရှိမြစ်ချောင်းများ ညစ်ညမ်းလျက်ရှိ

ဝါရှင်တန် မတ် ၅

ပိုးသတ်ဆေးများကြောင့် ၁၉၉၂ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်အကြား ကာလတွင် အမေရိကန်နိုင်ငံရှိ မြစ်များနှင့် ချောင်းများအားလုံးနီးပါးမှာ ညစ်ညမ်းလျက်ရှိကြောင်း၊ သို့သော် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့် အဆင့်သို့ မရောက်ရှိသေးကြောင်း အမေရိကန် ဘူမိဗေဒ လေ့လာရေးဌာန (ယူအက်စ်ဂျီအက်စ်)၏ လေ့လာတွေ့ရှိချက်တွင် ဖော်ပြထားသည်။

ဆက်နွယ်

ပိုးသတ်ဆေးများကို အများအားဖြင့် မြေပြင်ပေါ်၌ စီးနေသောရေတွင် အနည်းအကျဉ်းမျှသာ တွေ့ရှိရကြောင်း သောကြာနေ့တွင် ထုတ်ပြန်သည့် လေ့လာတွေ့ရှိချက်စစ်တမ်းတွင် ဖော်ပြထားသည်။ မြို့ပြနှင့် စိုက်ပျိုးရေးဒေသများသို့ ရေသွယ်ယူထားသည့် ချောင်းများတွင် ပိုးသတ်ဆေးများသည် ရေနေသတ္တဝါများကို အန္တရာယ်ပြုနိုင်သည့်အဆင့်ရှိကြောင်း တွေ့ရှိရသည်။ ပိုးသတ်ဆေးများသည် ကင်ဆာရောဂါ၊ မွေးရာပါချွတ်ယွင်းချက်များနှင့် အာရုံကြောရောဂါတို့နှင့် ဆက်နွယ်မှုရှိကြောင်း သိရသည်။

စစ်တမ်းထုတ်

ပိုးသတ်ဆေးများ အသုံးပြုခြင်းသည် သီးနှံအထွက်တိုးစေခြင်းနှင့် ပိုးမွှားများကြောင့် ဖြစ်စေသည့် ရောဂါများ ကျရောက်မှုကို လျော့နည်းစေခြင်းတို့ အပါအဝင် ပေါင်းပင်များနှင့် သီးနှံဖျက်ပိုးများ ထိန်းသိမ်းပေးခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။ သို့သော် သောက်သုံးရေ အရည်အသွေး အပါအဝင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့် အလားအလာရှိနိုင်မှုကို သံသယပွားလာစေကြောင်း ယူအက်စ်ဂျီအက်စ်မှ ဇလဗေဒနှင့် ရေသန့်လုပ်ငန်း တွဲဖက်ညွှန်ကြားရေးမှူး ရော့ဘတ်အီးလစ်က ပြောကြားသည်။

နိုင်ငံတစ်ဝန်းရှိ အဓိက မြစ်ဝှမ်း ၅၁ ခုနှင့် မြေအောက်ရေအောင်းလွှာစနစ်များမှ စုဆောင်းရရှိသည့် အချက်အလက်များကိုအခြေခံကာ ယူအက်စ်ဂျီအက်စ်က လေ့လာတွေ့ရှိချက်စစ်တမ်းထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

မြန်မာ့စီးပွားရေးဘဏ် အထက်မြန်မာပြည် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် အထက်မြန်မာပြည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မန်နေဂျာများ၏ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့တွင် မန္တလေးတိုင်း မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ထွန်းနှင့် မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများ၊ အထက်မြန်မာပြည်ရှိ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မန်နေဂျာများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်းနှင့် ပင်စင်ဦးစီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဒေသအာဏာပိုင်အသီးသီးက ကူညီပံ့ပိုးပေးလျက်ရှိသကဲ့သို့ မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများကလည်း ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေး ဝန်ဆောင်မှုများ၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရင်း ဒေသခံပြည်သူများ ကောင်းကျိုးဖြစ်ထွန်းစေရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့်ပြောကြားသည်။

ကြိုးပမ်းအားထုတ်

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသည့် ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဆက်ဆံရေးချိုသာပြေပြစ်မှုမှာ အရေးကြီးကြောင်း၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊မြို့နယ် မန်နေဂျာများသည် ဒေသအလိုက်၊ ဌာနအလိုက် ဦးစီးဦးဆောင်ပြုရသည့် တာဝန်ခံပုဂ္ဂိုလ်များ ဖြစ်ကြသည့်အတွက် ဒေသအလိုက်၊ ဌာနအလိုက် စွမ်းဆောင်ရည် ထက်မြက်မှုရှိစေရေး စဉ်ဆက်မပြတ် လေ့လာကြိုးပမ်း အားထုတ်သွားရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် မြန်မာ့စီးပွားရေးဘဏ် အထက်မြန်မာပြည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မန်နေဂျာများအား တွေ့ဆုံရာ မန်နေဂျာများက ပြည်နယ်၊ တိုင်း၊ ခရိုင် မြို့နယ်ဘဏ်ခွဲအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဘဏ်ခွဲ မန်နေဂျာများသည် ဖြောင့်မတ်မှန်ကန် တာဝန်သိစွာဖြင့် ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးလုပ်ငန်းကို ချမှတ်ဆောင်ရွက်ကြရန်၊ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းလျာထားချက်ပြည့်မီရေး စီမံချက်ဖြင့် ဆောင်ရွက်ကြရန်၊ မိမိတာဝန်ထမ်းဆောင်ရာ ဒေသဖွံ့ဖြိုးရေးကို ဝိုင်းဝန်း ကြိုးပမ်းကြရန်မှာကြားသည်။

သုံးသပ်ဆွေးနွေး

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များက မြန်မာ့စီးပွားရေးဘဏ် အထက်မြန်မာပြည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မန်နေဂျာများ၏ လုပ်ငန်းစွမ်းဆောင်ရည်များအပေါ် သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မန်နေဂျာများက ဒေသအလိုက်၊ ဌာနအလိုက် လိုအပ်သည်များ၊ မရှင်းလင်းသည်များကို တင်ပြဆွေးနွေး မေးမြန်းကြပြီး မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာများက ဌာနအလိုက်၊ လုပ်ငန်းအလိုက် အသီးသီး ရှင်းလင်း ပြောကြားကြသည်။

ရှင်းလင်း

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးပြောကြားချက်များနှင့်စပ်လျဉ်း၍ သုံးသပ်ရှင်းလင်းပြောကြားပြီး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ် အထက်မြန်မာပြည်ဌာနခွဲ (မန္တလေး) နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်(မန္တလေး)တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးတိုင်း အကောက်ခွန်ဦးစီးဌာန၊ မန္တလေးမြို့ အကောက်ခွန် ဦးစီးဌာနတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံရာ တိုင်းအကောက်ခွန်ဦးစီးမှူး၊ မြို့နယ်အကောက်ခွန်ဦးစီးမှူးနှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထိုနောက် ဝန်ကြီးက အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ရေး၊ ဆက်ဆံရေး ချိုသာပြေပြစ်ရေး၊ နိုင်ငံတော်အတွက် အားထားရသည့် ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်နိုင်ရန် ဝန်ထမ်းကျင့်ဝတ်များနှင့် အညီလိုက်နာကျင့်ကြံသွားရေးတို့ကို မှာကြားသည်။
(သတင်းစဉ်)

အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် အထက်မြန်မာပြည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မန်နေဂျာများ၏ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အမှာစကားပြောကြားစဉ်။ (ဘဏ္ဍာ/အခွန်)

ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းဖွင့်လှစ်

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် ဓမ္မရတနာသာသနာ့ရိပ်သာ၌ နွေရာသီ ကျောင်းပိတ်ရက် ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို မတ် ၆ ရက်(တနင်္လာနေ့)မှစတင်၍ မတ် ၂၀ ရက်(တနင်္လာနေ့)အထိ ၁၅ ရက် သင်တန်းဖွင့်လှစ်လျက်ရှိသည်။ သင်တန်းတက်လိုသူများနှင့် အလှူရှင်များ ဖုန်း–၅၇၁၆၄၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
(က–ပ)

မလေးရှား ပရိဘောဂပြပွဲ တက်ရောက်ရန် သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ထွက်ခွာ

ရန်ကုန် မတ် ၆

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် မတ် ၁ရက်မှ ၁၁ရက်အထိကျင်းပလျက်ရှိသည့် Malaysia Furniture City (MFC) ပြပွဲသို့ တက်ရောက်ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်လွင်၊ အလုပ်အမှုဆောင် ဒေါက်တာစိန်ဝင်းတို့သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံသစ်လုပ်ငန်း ရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဦးမျိုးသက်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**
(သတင်းစဉ်)

စက်မှု(၁) ဈေးပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၆

အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်ရောင်းချလျက်ရှိသည့် ပြည်တွင်းဖြစ် အဝတ်အထည်များ၊ ဆေးဝါးနှင့်အိမ်သုံးပစ္စည်းများ၊ စားသောက်ကုန်နှင့် စာရေးကိရိယာအမျိုးမျိုး၊ အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ အပ်ချုပ်စက်နှင့် စက်ဘီးအမျိုးမျိုးကို ကိုယ်တိုင်ထုတ်လုပ်ပြီး ချိုသာသောဈေးနှုန်းဖြင့် ပြည်သူများသို့ တိုက်ရိုက်ဖြန့်ဖြူးပေးလျက်ရှိရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပထမအကြိမ်ဈေးပွဲတော်ကို ဖေဖော်ဝါရီ ၁ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ စက်မှု(၁)ဝင်း အတွင်း၌လည်းကောင်း၊ ဒုတိယအကြိမ်ဈေးပွဲတော်ကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅ လမ်းနှင့် ၇၁ လမ်းကြားရှိ မဟာန္တယ်စဉ်အားကစားကွင်း၌လည်းကောင်း ရောင်းချခဲ့ရာ ပြည်သူများ နှစ်ခြိုက်စွာဝယ်ယူ အားပေးခဲ့ကြသည်။

ယခု ရန်ကုန်မြို့ မြောက်ဥက္ကလာပ (၂)ရပ်ကွက် မယ်လမုဘုရားနှင့် မျက်နှာချင်းဆိုင် အာသာဝတီ အားကစားကွင်း၌ စက်မှု(၁)၏ တတိယအကြိမ်ဈေးပွဲတော်ကို မတ် ၁၀ ရက်မှ မတ် ၁၉ ရက်အထိ ပြည်သူများ၏ တောင့်တချက်အရ ရောင်းချဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။(ကြေးမုံ)

ရှီရီ ဂုရုကြီး နှစ်တစ်ရာပြည့်မွေးနေ့နှင့် နာယကလူကြီးများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၆

သနာတန ဓမ္မပါလက အဖွဲ့ချုပ်(ရန်ကုန်)က ကြီးမှူး၍ ရှီရီ ဂုရုကြီး နှစ်တစ်ရာပြည့် မွေးနေ့အထိမ်းအမှတ်နှင့် နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခြင်းခံကြရသော နာယကလူကြီးများအား ဂုဏ်ပြုပွဲကို မတ် ၄ရက်တွင် အမှတ် (၄၈၆) ကုန်သည်လမ်းရှိ မဟတ္တမဂန္ဒီ ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သနာတန ဓမ္မပါလကအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမိုဟန်လာ(လ်)နှင့် အဖွဲ့ဝင်များ၊ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများ၊ အသင်းသားအသင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၆)ဖြင့် ဘွဲ့တံဆိပ်တော်ရရှိသည့် သနာတန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ် နာယကကြီးများဖြစ်ကြသည့် မဟာသဒ္ဓမ္မဇောတိက ဓဇဘွဲ့ရ ဒေါက်တာခင်မောင်ညွှန့်၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရရှိသည့် ဦးကျော်ခင်မြင့်၊ သီရိသုဓမ္မ မဏိဇောတဓရ ရရှိသည့် ဗန္ဓုလဦးရွှေ၊ သီရိသုဓမ္မမဏိဇောတဓရ ဦးတင်မောင်(စန္ဒီပရဆေး)နှင့် တစ်သက်တာ စာပေဆုရှင် ဦးလှကြိုင် (ဆရာကြီးပါရဂူ)တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမိုဟန်လာ(လ်) နှင့် ဒုတိယဥက္ကဋ္ဌ ဦးကြည်မင်းတို့က ပေးအပ်ကြသည်။ (သတင်းစဉ်)

သံတွဲခရိုင်အသင်း(ဂွ–တောင်ကုတ်–သံတွဲ)နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၆ရက်က ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံတွင်ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးကျော်ရင်က ဝိဇ္ဇာပညာထူးချွန်တံဆိပ်ပထမဆင့်ရ အသင်းနာယကဆရာမကြီးဒေါ်ကြန်အား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာချီးမြှင့်စဉ်။ (က–ပ)

မီးဘေးရှောင် မလောင်ခင်တား

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

ရန်ကုန် မတ် ၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၁၅ ရက်မှ ၁၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဗုဒ္ဓပူဇနိယအကြို တရားပွဲများအဖြစ် မတ် ၁၅ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ မတ် ၁၆ ရက်တွင် မေတ္တာရှင်အရှင်ဇဝန၊ မတ် ၁၇ ရက်တွင် ရွှေပြည်ဟိန်း သီတဂူကြာတပွင့် အရှင်ခေမာသီရိ လက်ာရနှင့် မတ် ၁၈ ရက်တွင် ရွှေလင်းယုန် ဆရာတော် ဦးအရဝိန္ဒာ ဘိဝံသတို့က ယင်းစေတီတော်မြတ်ကြီး၏ ဓမ္မာရုံသစ်ကြီး၌ ညစဉ် တရားချီးမြှင့်ကြမည်ဖြစ်သည်။

မတ် ၁၈ ရက် ညနေ ၄ နာရီမှ စတင်၍ ဆွမ်းတော်ကြီးတင်ပွဲများကို လက်ခံပြီး မတ် ၁၉ ရက် အရုဏ်တက်ချိန်တွင် ဆရာတော်၊ သံဃာတော် ၁၅ပါးတို့က စေတီတော်မြတ်ကြီးအား အနေကဇာတင်ခြင်းနှင့် ဆွမ်းတော်ကြီးတင်ပွဲ ပြုလုပ်မည်ဖြစ်သည်။

မတ် ၁၉ ရက် ညနေ ၄ နာရီခွဲတွင် ဩဝါဒါစရိယ ဆရာတော်ကြီး ၁၁ပါး အပါအဝင် ဆရာတော်၊ သံဃာတော် ၁၅၅ ပါးနှင့် သီလရှင် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်၍ ကုသိုလ်ပြုလိုသူများသည် ဂေါပကအဖွဲ့ရုံး ဖုန်း-၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ညောင်ကန်အေးသာသနာ့ရိပ်သာ သင်္ကြန်တရားစခန်းနှင့် ဒုလ္လဘပွဲ လှူဒါန်းနိုင်

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ်(၆)ရှိ မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ (၂၆)ကြိမ်မြောက် သင်္ကြန်အထူး တရားအားထုတ်ပွဲကို ဧပြီ ၃ ရက်မှ ၁၇ ရက်အထိ ၁၅ရက်တရားစခန်းကျင်းပမည်ဖြစ်ရာ ဒုလ္လဘရှင်သာမဏေအကြီးတစ်ပါးအတွက် သင်္ကန်း၊ သပိတ်၊ ပရိက္ခရာအစုံ ကျပ် ၇၀၀၀၊ ရှင်ငယ်၊ ရှင်လတ်အတွက် ကျပ် ၅၀၀၀၊ ဒုလ္လဘရဟန်း တစ်ပါးအတွက် ကျပ် ၁၀၀၀၀၊ အရုဏ်ဆွမ်းတစ်နပ်လျှင် ကျပ် ၄၀၀၀၀၊ နေ့ဆွမ်းတစ်နပ်လျှင် ကျပ် ၈၀၀၀၀၊ ဖျော်ရည်လှူဒါန်းလိုပါလျှင် ကျပ် ၅၀၀၀၊ ဆွမ်းစရိတ် ကျပ် ၂၀၀ စသည်ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် လှည်းကူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

၂၀၀၆ ခုနှစ်အတွက် ရုပ်ရှင်အော်စကာဆု ချီးမြှင့်

လော့စ်အိန်ဂျလိစ် မတ် ၆

ကမ္ဘာ့ရုပ်ရှင်ပရိသတ်များ စိတ်ဝင်တစားမျှော်လင့်နေကြသည့် ယခုနှစ်အတွက် ရုပ်ရှင်အော်စကာဆုနှင်းပွဲကို မတ် ၅ ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့ရှိ ကိုဒတ်ကဇာတ်ရုံကြီး၌ ကျင်းပပြီး အကောင်းဆုံးဆုအဖြစ် ရွေးချယ်ခြင်းခံရသော ရုပ်ရှင်ဇာတ်ကား၊ ဒါရိုက်တာနှင့် သရုပ်ဆောင်များကို သက်ဆိုင်ရာဆုများ အသီးသီး ချီးမြှင့်ခဲ့သည်။

ထိုဆုနှင်းပွဲတွင် အကောင်းဆုံးရုပ်ရှင်ဆုကို ကရတ်ချ် (Crash) ဇာတ်ကား၊ အကောင်းဆုံး ဒါရိုက်တာဆုကို ဘရုတ်ဘက်မောင်တိန် (Brokeback Mountain) ဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာ အန်းလီ၊ အကောင်းဆုံးဇာတ်ဆောင်မင်းသားဆုကို ကာပို့တ်ဇာတ်ကား (Capote)တွင် ပါဝင်သရုပ်ဆောင်သူ ဖီးလစ်ဆေးမောဟော့ဖ်မင်၊ အကောင်းဆုံး သရုပ်ဆောင်မင်းသမီးဆုကို ဝါခ်သည်လိုင်း (Walk The Line) ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်သူ ရီဆီဝှစ်သာစပွန်း၊ အကောင်းဆုံး ဇာတ်ရံမင်းသားဆုကို ဆီရီးယားနား (Syriana) ဇာတ်ကားတွင်သရုပ်ဆောင်သူ ဂျော့ဂျ်ကလူနီ၊ အကောင်းဆုံး ဇာတ်ရံမင်းသမီးဆုကို သည်ကွန်စတင့် ဝါးဒင်းနာ ဇာတ်ကားတွင် သရုပ်ဆောင်သူ မင်းသမီးရီကယ်ဝယ်ချ်၊ အကောင်းဆုံး နိုင်ငံခြားရုပ်ရှင်ဇာတ်ကားဆုကို တော့စီ (Tsotsi) တောင်အာဖရိက ရုပ်ရှင်ကားတို့က အသီးသီးဆွတ်ခူးရရှိသွားကြသည်။

အထက်ဖော်ပြပါ ဆုများအပြင် အကောင်းဆုံးဇာတ်ညွှန်းဆု၊ မှတ်တမ်းတင်ကားဆု၊ ဖလင်တည်းဖြတ်ဆု၊ အသံအကောင်းဆုံးဆု၊ အသံတည်းဖြတ်ဆု၊ တေးဂီတအကောင်းဆုံးဆု၊ ဝတ်စုံဒီဇိုင်းအကောင်းဆုံးဆု၊ ရိုက်ချက်အကောင်းဆုံးဆု၊ ဘဝတစ်သက်တာရုပ်ရှင်ဆု စသည်များကိုလည်း တစ်ပါတည်း ချီးမြှင့်ပေးအပ်ခဲ့သည်။

အင်တာနက်။

အော်စကာဆုပေးပွဲ အခမ်းအနားတွင် အော်စကာဆုနှင့်အတူ ဒါရိုက်တာ အန်းလီကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



(၇၈)ကြိမ်မြောက် အော်စကာဆုပေးပွဲတွင် ရီကယ်ဝယ်ချ်နှင့် ရီဆီဝှစ်သာ စပွန်းတို့အား အော်စကာဆုကိုယ်စီဖြင့် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror အင်တာနက်သတင်းများ

အမှိုက်များ တင်ဆောင်လာသော ရုရှားဒုံးပျံယာဉ် အာကာသယာဉ်သင်္ချိုင်း၌ အဆုံးသတ်

မော်စကို မတ် ၅

နိုင်ငံတကာ အာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်)မှ အမှိုက်များ တင်ဆောင်လာသော ရုရှားဒုံးပျံယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းမှ ခွာကာ မတ် ၄ ရက် မော်စကိုစံတော်ချိန် ညနေ ၄ နာရီ ၅၃ မိနစ်တွင် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ပျက်ကျစေခဲ့ကြောင်း မစ်ရှင်ထိန်းချုပ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက စနေနေ့တွင် ပြောကြားသည်။

လုပ်ငန်းအရ အသုံးပြုရန် သတ်မှတ်ထားသည့်ကာလ စေ့ရောက်သော ပရိုဂရက်စ် အမ်-၅၄ တွင် ဒုံးပျံယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ်မှ ထွက်ရှိသော အမှိုက်များကို သယ်ဆောင်ကာ ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်လာခဲ့ကြောင်း၊ သိပ်သည်းသော လေထုလွှာများအတွင်း မီးလောင်ခြင်းမရှိသည့် အာကာသ ယာဉ်အစိတ်အပိုင်းကို ပစိဖိတ်သမုဒ္ဒရာအတွင်း ၄၀ ဒီဂရီ လောင်ဂျီတွဒ်ရှိ "အာကာသယာဉ် သင်္ချိုင်း"၌ ပျက်ကျစေခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ယင်းနေရာသည် ခရစ္စမတ်ကျွန်းအနီးတွင် တည်ရှိသည်။

ရုရှားမီယာအာကာသစခန်းယာဉ်ကို ၁၅ နှစ်ကြာမျှ အသုံးပြုခဲ့ပြီးနောက် ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ဖျက်သိမ်းခဲ့သည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ ကုန်ပစ္စည်းများ ပေးပို့နိုင်စေရန် ရုရှားနိုင်ငံက နောက်ထပ် ဒုံးပျံယာဉ်တစ်စီးကို စေလွှတ်ရန်စီစဉ်ထားသည်။ ပရိုဂရက်စ် ကုန်တင်ဒုံးပျံယာဉ်ကို ဧပြီ ၂၄ ရက်တွင် ကမ္ဘာမြေပြင်မှ လွှတ်တင်မည်ဖြစ်သည်။ ဧပြီ ၂၆ ရက်တွင် အိုင်အက်စ်အက်စ်သို့ ဆိုက်ရောက်မည့် ယင်းဒုံးပျံယာဉ်ပေါ်တွင် စားနပ်ရိက္ခာများ၊ သောက်သုံးရေနှင့် သိပ္ပံကိရိယာပစ္စည်းများ ပါရှိမည်ဖြစ်သည်။

အင်တာနက်။

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် လှည်းကူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ တွေ့ဆုံပွဲ ကျင်းပ

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် လှည်းကူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် မြို့နယ် ရပ်ကွက်နှင့် ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လှည်းကူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှဝင်းက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ရာသက်ပန် အသင်းဝင်အဆိုပြုလွှာ အစောင် ၃၀၀ ကို ပေးအပ်ပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၏ လှုပ်ရှားမှုများကို ရှင်းလင်း တင်ပြကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မုန့်ပုံးများပေးအပ်

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ရင်သွေးငယ်လေးများ၏ စွမ်းရည်ပြသမှုများကို ကြည့်ရှုအားပေးကြ၍ ရင်သွေးငယ်များအား လက်ဆောင်ပစ္စည်းများကို ဝေငှပေးကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦးက ရင်သွေးငယ်များအတွက် စားစရာ မုန့်ပုံးများကို ပေးအပ်သည်။

လိုက်လံကြည့်ရှု

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တပ်မဌာနချုပ် အစည်းအဝေးခန်းမ၌ မြို့နယ်နှင့် တပ်မဌာနချုပ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ၂၀၀၆ ခုနှစ်တွင် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြပြီး တပ်မဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် တပ်ရင်း၊ တပ်ဖွဲ့ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းများ၏ မိသားစု ဝင်ငွေတိုးလုပ်ငန်း အဖြစ် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ဖရဲစိုက်ခင်းများကို လိုက်လံကြည့်ရှုကြသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ မတ်လ ၈ ရက်

ရေလှောင်တွင်းများမှ ရေများရရှိနေပြီဖြစ်၍ ယာမြေစနစ်မှ လယ်မြေစနစ်ဖြစ်အောင် ဆောင်ရွက် ပဲစင်းငုံ၊ နှမ်း စသည့်သီးနှံများအပြင် ခြံစည်းရိုးကြက်ဆူပင်များကိုပါ စိုက်ပျိုး

✧ **ရှေ့ဖုံးမှ**

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ခင်းသို့ရောက်ရှိရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြငွေက ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ခင်းငါးဧကတွင် ကြက်ဆူပင် ၈၄၀၀ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အရာတော်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ခင်းမှ အပင်များ ရှင်သန်ဖြစ်တည်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အရာတော်တပ်နယ်သို့ ရောက်ရှိရာ အရာတော်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအောင်မင်းက ခြံစည်းရိုးကြက်ဆူပင် မျိုးကိုင်း ဧက ၅၀ နှင့် မျိုးစေ့ပျိုးပင် တစ်ဧကစိုက်ပျိုးပြီးစီးမှု၊ မျိုးကိုင်းပျိုးပင်တစ်သိန်းနှင့် မျိုးစေ့ပျိုးပင် ၁၅၃၀၀၀ စုဆောင်းထားရှိမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ ကြက်ဆူပင်မျိုးကိုင်းစိုက်ခင်းနှင့် မျိုးစေ့တိုက်ရိုက်ချစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အရာတော်တပ်နယ်ရှိ တစ်နာရီ ရေဂါလန် ၁၈၀၀ ထွက်ရှိသည့် နှစ်လက်မရေလှောင်တွင်းသို့လည်းကောင်း၊ အရာတော်မြို့နယ် မြေနတ်ကျေးရွာအုပ်စုရှိ တစ်နာရီ ရေဂါလန် ၄၃၀၀ ထွက်ရှိသည့် ရေလှောင်တွင်း အမှတ်(၂)သို့လည်းကောင်း ရောက်ရှိ၍ ရေထွက်ရှိမှုနှင့် ရေလှောင်ကန်တွင်း ရေသိုလှောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ရေလှောင်တွင်းမှ ရေများကို အလေအလွင့်မရှိအောင် အကျိုးရှိရှိအသုံးပြုရေး၊ တောင်သူများအနေဖြင့် ယာသီးနှံအပြင် စပါးတစ်သီးရရှိအောင် စိုက်ပျိုးရေး ဆွေးနွေးမှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မုံရွာမြို့ ပြည်ထောင်စုလမ်းမကြီး၏ ဘူတာရုံလမ်းနှင့် ကျောက်ကာလမ်းအကြား ကျောက်သားခင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အရာတော်မြို့နယ် မြေနတ်ကျေးရွာအုပ်စုရှိ ရေလှောင်တွင်းမှ ရေထွက်ရှိမှုနှင့် ရေလှောင်ကန်အတွင်း ရေသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြေနတ်ကျေးရွာအုပ်စုရှိ ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ ရောက်ရှိ၍ ပျိုးဥယျာဉ်ကိုလည်းကောင်း တစ်ဆက်တစ်စပ်တည်းရှိသော တောင်သူဦးလှတင်၏ ကိုင်းဖြတ်တိုက်ရိုက်ချ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင် ငါးဧက စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အရာတော်မြို့နယ် မြေနတ်ကျေးရွာအုပ်စုရှိ တစ်နာရီ ရေဂါလန် ၂၂၅၀၀ထွက်ရှိသည့် ရေလှောင်တွင်းအမှတ်(၁)ကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် စစ်ကိုင်းတိုင်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှမင်းက စိုက်ပျိုးရေ ရရှိရေးအတွက် ရေလှောင်တွင်း ရှစ်တွင်းတူးဖော်ပြီးစီးမှု၊ စိုက်ပျိုးရေပေးဝေမှုနှင့် ရေလှောင်တွင်းများ ဆက်လက်တူးဖော်မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသခံတောင်သူများ စပါးစိုက်ပျိုးနိုင်ရန် ရေသွယ်စနစ်ဖြင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ရေလှောင်တွင်းစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အရာတော်မြို့နယ် မြေနတ်ကျေးရွာအုပ်စုရှိ တစ်နာရီ ရေဂါလန် ၂၁၀၀၀ ထွက်ရှိသည့် ရေလှောင်တွင်းအမှတ်(၃)သို့ ရောက်ရှိ၍ ရေထွက်ရှိမှု၊ ရေလှောင်ကန်တွင်း စနစ်တကျ ရေသိုလှောင်ထားရှိမှုနှင့် ကျေးရွာများမှ သောက်သုံးရေ အသုံးပြုမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ရေလှောင်တွင်းများမှ ရေများရရှိနေပြီဖြစ်၍ ယာမြေစနစ်မှ လယ်မြေစနစ်ဖြစ်အောင် ဆောင်ရွက်ကြရန်နှင့် ခြံစည်းရိုးကြက်ဆူပင်များကိုလည်း စိုက်ပျိုးကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မူးမြစ်ကိုဖြတ်သန်း၍ မုံရွာခရိုင် အရာတော်မြို့နယ်နှင့် ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တို့ကို ဆက်သွယ်သည့် သမရိုးတံတားသို့ ရောက်ရှိ၍ တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းခရိုင်နှင့် ရွှေဘိုခရိုင်တို့သို့ ဆက်သွယ်သည့် စစ်ကိုင်း-ကျောက်မြောင်း-သီဟတော-ထီးချိုင့်-ကသာ-မိုးဒါး ခရိုင်ချင်းဆက် လမ်းဖောက်လုပ်ထားမှုကို စစ်ကိုင်းဘက်ခြမ်း ပဒူရွာအနီးမှ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်း စစ်ကိုင်း-ကျောက်မြောင်း လမ်းပိုင်းတစ်လျှောက်ရှိ လမ်းနှင့်တံတားအခြေအနေများကိုလည်းကောင်း၊ အဆိုပါလမ်းရှိ တောင်ရင်းရွာအနီး တပ်ရှာ

နိုင်ငံတော် အေးချမ်းသာယာရေး
ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲ
ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တို့ကို
ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး
ကျေးရွာအနီးတွင် စက်ယန္တရားများဖြင့်
ကြည့်ရှုစစ်ဆေးပြီး ရွှေဘို-မြစ်ကြီး
ကန့်ဘလူမြို့သို့ ရောက်ရှိကြသည်။

မြစ်ရေတင်စခန်းမှ ပင်မရေမြောင်းကြီးတွ
စိုက်ပျိုးရေပေးဝေမှုကိုလည်းကောင်း ကြ

ဖြည့်ဆည်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲ
မြို့နယ်၏ ရှိမ္ဗကားကျေးရွာသို့ ရောက်
တည်ဆောက်ရေးတာဝန်ခံ ဒုတိယဗိုလ်မှူး
ကျောက်မြောင်းအထိ လမ်းဖောက်လုပ်
တင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက
ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး
လမ်းဆုံသို့ရောက်ရှိ၍ တပ်ရွာလမ်းဖေ
လမ်းဆုံ လမ်းခွဲ အခြေအနေများကိုလည်း
ကြား စက်ယန္တရားများဖြင့် လမ်းအူကြေ
လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်
ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲ
မြို့နယ် ရေဖြူစခန်းသို့ရောက်ရှိရာ ရှင်း
ဦးစီးဌာနမှူး ဦးဟုတ်ကြည်က ဟံလင်း
စပ်လျဉ်း၍ ဟံလင်းအင်းရေနုတ်မြောင်း
အခြေအနေများကို ရှင်းလင်းတင်ပြပြီး
တင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး
ကျောက်မြောင်းလမ်း ရှင်းလင်းဆောင်
သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
ရွှေဘိုခရိုင် ရှိမ္ဗကား-ကျောက်မြောင်း လမ်
ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သ
ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်
ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး
များအပြင် ခြံစည်းရိုးကြက်ဆူပင်များကို
ဗိုလ်ချုပ်သာအေးက ရှံးပင်ကျေးရွာအတွ
ပေးအပ်သည်။

ကမ္ဘာ့တ

၂

တီဘီရောဂါကင်း

"Action for Life: t

မြစ်ရေတင်စခန်းမှ ပင်မရေမြောင်းကြီးတွင်းသို့ ရေတွန်းပို့မှုနှင့် လယ်မြေများသို့ စိုက်ပျိုးရေပေးဝေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝက်လက်မြို့နယ်၏ ရှိမ္ဗကားကျေးရွာသို့ ရောက်ရှိကြ၍ ရှင်းလင်းဆောင်တွင် လမ်းတည်ဆောက်ရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးအောင်ဆန်းက စစ်ကိုင်းလမ်းခွဲမှ ကျောက်မြောင်းအထိ လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝက်လက်လမ်းဆုံသို့ရောက်ရှိ၍ တပ်ရှာလမ်းဖောက်လုပ်မည့် လမ်းအခြေအနေနှင့် လမ်းဆုံ လမ်းခွဲ အခြေအနေများကိုလည်းကောင်း၊ ရှိမ္ဗကား-သစ်ဆိမ့်လမ်းပိုင်းကြား စက်ယန္တရားများဖြင့် လမ်းအူကြောင်းဖောက်လုပ်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝက်လက်မြို့နယ် ရေဖြူစခန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တိုင်းဆည်မြောင်းဦးစီးဌာနမှူး ဦးဟုတ်ကြည်က ဟံလင်းအင်းရေနုတ်မြောင်း တူးဖော်ခြင်းနှင့် စပ်လျဉ်း၍ ဟံလင်းအင်းရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်တင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေဘို-ကျောက်မြောင်းလမ်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းက ရွှေဘိုခရိုင် ရှိမ္ဗကား-ကျောက်မြောင်း လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်တင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရုံးပင်ကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ပဲစင်းငုံ၊ နှမ်းစသည့် သီးနှံများအပြင် ခြံစည်းရိုးကြက်ဆူပင်များကိုပါ စိုက်ပျိုးရန် မှာကြားပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ရုံးပင်ကျေးရွာအတွက် အားကစားပစ္စည်းနှင့်စာအုပ်များကို ပေးအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မုံရွာခရိုင် အရာတော်မြို့နယ်နှင့် ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တို့ကို ဆက်သွယ်သည့် သမရိုးတံတားကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကပွက်ကျေးရွာအနီးတွင် စက်ယန္တရားများဖြင့် လမ်းဖောက်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရွှေဘို-မြစ်ကြီးနားလမ်းသို့ ပြန်လည်ထွက်ခွာကာ ကန့်ဘလူမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

သီတဂူကြယ်တစ်ပွင့်၏ ဓမ္မသဘင်

ရန်ကုန် မတ် ၆

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်စာသင်တိုက်၏ ပဓာန ဆရာတော် သာသနဇောတိကဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် မတ် ၁၅ ရက်မှ ၁၇ ရက်အထိ ဇီးဖြူသောင်ရွာ ရေးမြို့နယ်၊ ၁၈ ရက်မှ ၂၀ ရက်အထိ အစင်ရွာ ရေးမြို့နယ်၊ ၂၁ ရက်နှင့် ၂၂ ရက်တွင် ရေးမြို့၊ ၂၃ ရက်နှင့် ၂၄ ရက်တွင် ထုံးအိုင်ရွာ ကရင်ပြည်နယ်၊ ၂၆ ရက်တွင် ချမ်းသာကြီးရွာ ပန်းတနော်မြို့နယ်၊ ၂၇ ရက်တွင် မြတောင်စာသင်တိုက် ပန်းတနော်မြို့၊ ၂၈ ရက်တွင် ၁၅ ရပ်ကွက် တောင်ဥက္ကလာပ ရန်ကုန်၊ ၂၉ ရက်တွင် ထ/၁၆ ရွှေပြည်သာ ရန်ကုန်၊ ၃၀ ရက်တွင် ဒေးဒရဲမြို့၊ ၃၁ ရက်တွင် ကြံ့ဒါးရွာ ဒေးဒရဲမြို့နယ်၊ ဧပြီ ၁ရက်တွင် ကြံ့ဒတ်ရွာ ဒေးဒရဲမြို့နယ်၊ ဧပြီ ၂ ရက်တွင် သာဓုလမ်း ကြည့်မြင်တိုင် ရန်ကုန်၊ ဧပြီ ၃ ရက်နှင့် ၄ ရက်တွင် ၃/ရန်ပြေ သာကေတမြို့နယ် ရန်ကုန်ဓမ္မသဘင်များ၌ ညစဉ် တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မာလာနွယ်လမ်း ဘုံဘောကျောင်းတိုက်၌ နှစ်ထပ်ဆွမ်းစားကျောင်းဆောင် ဆောက်လုပ်ရန် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် အမှတ်(၉၀)နေ ကျောင်းအမကြီး ဒေါ်ခင်အုန်းမြင့်မိသားစုက ငွေကျပ်သိန်း ၁၇၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘုံဘောကျောင်း နှစ်ထပ်ဆွမ်းစားကျောင်းဆောင် ဆောက်လုပ်ရန် အလှူတော်ငွေများ လှူဒါန်း

ရန်ကုန် မတ် ၆

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မာလာနွယ်လမ်း ဘုံဘောကျောင်းတိုက်၌ နှစ်ထပ်ဆွမ်းစားကျောင်းဆောင် ဆောက်လုပ်ရန် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို မတ် ၂ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ထားဝယ်ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ ကြွရောက်တော်မူ၍ သီလပေး ရေစက်ချတရား ချီးမြှင့်တော်မူသည်။

ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် အမှတ်(၉၀)နေ ကျောင်းအမကြီး ဒေါ်ခင်အုန်းမြင့် မိသားစုက ငွေကျပ် သိန်း ၁၇၀၊ အဂ္ဂမဟာ သီရိသုဓမ္မသီဂီ ဒေါ်သန်းဌေးက ငွေကျပ်သုံးသိန်း၊ သီရိသုဓမ္မသီဂီ ဒေါ်ခင်နန်းမွန်က ငွေကျပ်နှစ်သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်းက ငွေကျပ်တစ်သိန်း၊ သီရိသုဓမ္မသီဂီဒေါ်အေးမြနွယ်က ငွေကျပ်တစ်သိန်း၊ သီဟသုဓမ္မသီဂီ ဒေါ်ဝင်းဌေး(ခ)ဒေါ်မငယ်က ငွေကျပ်တစ်သိန်း၊ ရွှေဆင်မင်း ရေခဲစက် ဦးလှမြင့်မိသားစုက ငွေကျပ်တစ်သိန်းနှစ်သောင်း၊ သုဓမ္မသီဂီ ဒေါ်နုနုငယ်က ငွေကျပ်တစ်သိန်း စုစုပေါင်း အလှူငွေကျပ် ၁၇၉ သိန်းကျော်ကို လှူဒါန်းကြရာ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က လက်ခံရယူသည်။ (သတင်းစဉ်)

အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုရက်သတ္တပတ် ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၆

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ်တွင် (နဝမအကြိမ်မြောက်) အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက် နံနက်က ပြည်မြို့ ဗိုလ်ချုပ်လမ်း သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက (နဝမအကြိမ်မြောက်) အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ပြသထားသည့် ရက်သတ္တပတ်လှုပ်ရှားမှုပြခန်းငယ်များကို လိုက်လံကြည့်ရှုသည်။ (သတင်းစဉ်)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့

၂၀၀၆ ခုနှစ် မတ် ၂၄ ရက်

တီဘီရောဂါကင်းစင်ဖို့ အားလုံးပါဝင် ဆောင်ရွက်စို့

World TB Day

2006 March 24

"Action for Life: towards a world free of tuberculosis"

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက်တွင် မိတ္ထီလာမြို့ ပညာရေးကောလိပ် ပညာတန်ဆောင်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းထံ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ အမျိုးသမီးရေးရာ အဖွဲ့ဝင် အဆိုပြုလွှာများကို ခရိုင်ကိုယ်စားလှယ်များက ပေးအပ်စဉ်။ (သတင်းစဉ်)

ဇေယျာဘုမ္မိအောင်သိဒ္ဓိအေးစေတီတော် ရွှေထီးတော်သစ်တင်လှူပွဲ ကျင်းပမည်

ရန်ကုန် မတ် ၆

အင်းစိန်မြို့ တောင်သူကုန်းရပ်ကွက် ဝါးခင်းတောင်ကျောင်းတိုက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ဇေယျာဘုမ္မိအောင်သိဒ္ဓိအေး စေတီတော်မြတ်ကြီး ရွှေထီးတော်သစ်တင်လှူပွဲနှင့် (၃၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၇ ရက်မှ ၉ရက်အထိ ဝါးခင်းတောင်ကျောင်းတိုက်ပဓာန နာယကရပ်ကွက် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ စန္ဒောဘာသကို အမှူးထား၍ အလှူရှင် ဦးလှမြင့်-ဒေါ်စန်းစန်းရီမိသားစု၊ ဦးကြည်ဟန်-ဒေါ်နီနီမိသားစုတို့က လှူဒါန်းကျင်းပမည်ဖြစ်ရာ မတ် ၇ ရက် ည ၇ နာရီတွင် မဟာဓမ္မာစရိယ အရှင်သုမင်္ဂလ (နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ကမ္ဘာအေး)က နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ပြီး မတ် ၈ရက် နံနက်တွင် ရွှေထီးတော်တင်မင်္ဂလာနှင့် မတ် ၉ရက် နံနက်တွင် စေတီတော်မြတ်ကြီးအား သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်မည်ဖြစ်ရာ ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများ၊ တရားနာယူလိုသူများ ကြွရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားထားသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ ဖြူးချောင်းတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၀ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၃ခုနှစ်)
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၀၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၂၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
- ၅:၃၀ ၈။ မူးလျှင်မမောင်းနဲ့ မောင်းလျှင် မမူးနဲ့ (လူမင်း၊ သူသူဟံသာ၊အိမ်အိမ်း) (ဒါရိုက်တာသက်တင်)
- ၅:၃၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"(အပိုင်း-၇၀)**
- ၆:၅၅ ၁၃။ အတီးပြိုင်ပွဲ
- ၇:၁၀ ၁၄။ (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
- ၇:၂၅ ၁၅။ အကပြိုင်ပွဲ
- ၇:၃၅ ၁၆။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်ဖွယ် နေ့ကလေးများ" (အပိုင်း-၁၆)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၀၆ (အင်္ဂါနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ ကချင်ရိုးရာ ဝတ်စားဆင်ယင်မှု
- ၇:၁၀ တေးဂီတအစီအစဉ်
- ၈:၁၅ လက်ဖက်စိုက်ပျိုးနည်း
- ၇:၂၀ တေးဂီတအစီအစဉ်
- ၇:၂၅ ကာယဗလ လေ့ကျင့်မှုအကျိုးနှင့် အခြေခံကာယဗလ လေ့ကျင့်နည်းများအပိုင်း(၂)
- ၇:၅၀ တေးဂီတအစီအဉ်
- ၇:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၈:၀၅ သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်)
- ၈:၂၅ တေးဂီတအစီအစဉ်
- ၈:၃၀ ဖုန်ခါတံပြုလုပ်နည်း အဆင့်ဆင့်
- ၈:၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၄၀ တေးဂီတအစီအစဉ်
- ၈:၄၅ Sunday Talk
- ၉:၅၅ တေးဂီတအစီအစဉ်
- ၁၀:၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၁၀ ကျက်သရေတင့်တယ် လှစေမယ်(အပိုင်း-၁)
- ၁၀:၃၀ တေးဂီတအစီအစဉ်
- ၁၀:၃၅ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန
- ၁၀:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၀၀ တေးဂီတအစီအစဉ်
- ၁၁:၀၅ ကုန်ပစ္စည်းမိတ်ဆက် (Osim)
- ၁၁:၂၀ မိုးလေဝသခန့်မှန်းချက်
- ၁၁:၂၅ မြန်မာနိုင်ငံ သစ်တောကျောင်း
- ၁၁:၃၀ ဗွီစီဒီမိတ်ဆက် (ချစ်ကောင်း-ကော်ဖီ ခါးခါးရဲ့ အလှည့်-၄)
- ၁၁:၅၀ ပိုက်ဆက်အတတ်ပညာ
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ သုံးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

Chanpion League ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်

- ၂:၀၀ Barcelona-Chelsea
- **လိုင်း:** 5-Sports(Live)
- Juventus-Werder Bremen
- **လိုင်း:** 5-Movies(Live)

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ တိုးတက်ပြန့်ပွားအောင်ဆောင်ရွက် အလှူခံအတုအယောင်များပပျောက်အောင် အာဏာပိုင်အဖွဲ့အစည်းများနှင့်လက်တွဲ၍ တက်တက်ကြွကြွဆောင်ရွက်သင့် ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာ လေးဖြာသော ပရိသတ်တို့အချင်းချင်း အပြန်အလှန်ရိုသေလေးစားအလေးဂရုထား

ရန်ကုန် မတ် ၆

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီသော သောဠသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဘဒ္ဒန္တကုမာရမဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ–

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော် အရှင်သူမြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင် ရွက်ဆောင်တော်မူနိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်သပါသည်ဘုရား။

ဆရာတော်ဘုရားများနှင့် ယခုလို လေးလလျှင် တစ်ကြိမ်ကျ မျက်နှာစုံညီတွေ့ဆုံကြ၍ သာသနာတော်ကိစ္စအဝဝတို့ကို လျှောက်ထားတင်ပြ ဆွေးနွေးတိုင်ပင်ခွင့်ရသည့်အတွက် နှစ်ထောင်းအားရ ဝမ်းမြောက်လှပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ယနေ့ကျင်းပသည့် အစည်းအဝေး၌ စာစောင်များ၊ ကျမ်းစာအုပ်များ စိစစ်ရေးနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို လျှောက်ထားလိုပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၂) အပိုဒ်(၁၂)၌ သံဃာ့အဖွဲ့ ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို (က)မှ (ဆ)အထိ (၇)ချက် ပြဆိုထားပါသည်။ ထို (၇)ချက်တို့တွင် အပိုဒ်ခွဲ (ဂ)၌ "ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဖြစ်သည် " ဟု ဆိုထားပါသည်ဘုရား။

ထိုအပိုဒ်ခွဲ(ဂ)ပါ ရည်ရွယ်ချက်၌–

(၁) ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင် ပြန့်ပွားစေရန်၊

(၂) ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဟု စကားနှစ်ရပ်ရှိရာ ဒုတိယစကားရပ်အတွက် လျှောက်ထားမည်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ယခု မကြာသေးသော နှစ်များအတွင်း ဓမ္မ၊ အဓမ္မ အငြင်းပွားမှုခင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုဓမ္မ၊ အဓမ္မ အငြင်းပွားမှုခင်းများကို ဖြေရှင်းဆုံးဖြတ်ရသော ဝိနိစ္ဆယကိစ္စသည် လွယ်ကူသောကိစ္စမဟုတ်ပါ။ ကြီးလေးသော တာဝန်ကြီးတစ်ခု ဖြစ်ပါသည်ဘုရား။

ဤဓမ္မ၊ အဓမ္မ ဆုံးဖြတ်ပေးရန် စောဒနာအပ်သော ကျမ်းစာများကို လေ့လာကြည့်ရှုရာ စာပေစိစစ်ရေး၏ ပျော့ကွက်၊ ဟာကွက်ကြောင့် ဖြစ်ရသည်ကို တွေ့မြင်သိရှိရပါသည်။ မှန်ပါသည်။ ထိုကျမ်းစာအုပ်များကို စိစစ်ကြည့်ရှုရာ စာပေစိစစ်ရေးမှ ခွင့်ပြုချက်ဖြင့် ရိုက်နှိပ်သော ကျမ်းစာအုပ်များဖြစ်သည်ကို တွေ့ရပါသည်။ ဤအချက်ကို ထောက်ပြ၍ စုဒိတကများက သူတို့၏ကျမ်းစာအုပ်များသည် စာပေစိစစ်ရေးမှ ခွင့်ပြုချက်ဖြင့် ရိုက်နှိပ်အပ်သော ကျမ်းစာအုပ်များဖြစ်ခြင်းကြောင့် အဓမ္မမဟုတ်၊ ဓမ္မသာဖြစ်သည်ဟု သောဓနာထားသည်ကိုလည်း တွေ့မြင်ရပါသည်ဘုရား။

ထို့ကြောင့် ရိုက်နှိပ်ခွင့်ပြုရန် တင်ပြလာသည့် စာမူများကို စာပေစိစစ်ရေး ဥပဋ္ဌမ္ဘကများက သေချာစွာစိစစ်၍ ပညာရေးအဖွဲ့ငယ်ဆရာတော်များထံ တင်ပြသင့်ပါသည်။ ယင်းသို့စိစစ်၍ တင်ပြလာသော စာမူများကို ဥပဋ္ဌမ္ဘကများ၏ စိစစ်ချက်မျှဖြင့် အတည်မပြုသေးဘဲ ပညာရေးအဖွဲ့ငယ် ဆရာတော်များကလည်း စေ့စပ်သေချာစွာ ထပ်မံစိစစ်၍ ပိဋကတ်တော်နှင့် ညီညွတ်မှသာ ခွင့်ပြုသင့်ပါသည်။ ဤသို့ စေ့စပ်သေချာစွာစိစစ်ပြီးမှ ခွင့်ပြုပါက စာစောင်များ၊ ကျမ်းစာအုပ်များနှင့် စပ်လျဉ်း၍ ဓမ္မ၊ အဓမ္မ အငြင်းပွားမှုခင်းများ ဖြစ်ပွားဖွယ်အကြောင်းရှိတော့မည် မဟုတ်ပါဘုရား။ ယင်းသို့ဖြစ်ပါက ဓမ္မ၊ အဓမ္မ အဆုံးအဖြတ်ပေးရမည့် ကြီးလေးသော တာဝန်ကြီးတစ်ခု ပေါ့သွားမည်ဖြစ်ကြောင်း လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ဘုရားတပည့်တော်တို့သည် "သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး"ဟူသော ဦးတည်ချက်ဖြင့် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့ အစည်းအဝေးကြီးကျင်းပ၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းကာ သာသနာတော်အရေးကိစ္စများကို ဆောင်ရွက်နေကြပါသည်ဘုရား။ သံဃာ့အဖွဲ့ ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များ အပိုဒ်ခွဲ (က)၌လည်း "သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရန်ဖြစ်သည်" ဟု ပြဆိုထားပါသည်ဘုရား။

ယင်းဦးတည်ချက်၊ ရည်ရွယ်ချက်များ ပြီးစီးပြည့်စုံရေးအတွက် တပည့်တော်တို့ လိုက်နာကျင့်သုံးကြရန် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ကိမိလသုတ်ဒေသနာတော်ကို အကျဉ်းချုပ်၍ လျှောက်ထားလိုပါသည်ဘုရား။

မြတ်စွာဘုရား ကိမိလာမြို့၊ ကျည်းပင်တော၌ သီတင်းသုံးနေတော်မူစဉ် အရှင်ကိမိလသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ "မြတ်စွာဘုရား... မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူလတ်သော သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် အဘယ်အကြောင်းကြောင့် ကာလရှည်ကြာ မတည်တံ့ပါသနည်း၊ အဘယ်အကြောင်းကြောင့် ကာလရှည်ကြာ တည်တံ့ပါသနည်း"ဟု မေးလျှောက်ရာ မြတ်စွာဘုရားရှင်က–

"ဣဓ ကိမိလ တထာဂတေ ပရိနိဗ္ဗုတေ ဘိက္ခူ ဘိက္ခုနိယော ဥပါသကာ ဥပါသိကာယော သတ္ထရိ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ" စသည်ဖြင့် သဒ္ဓမ္မသုံးဖြာ သာသနာတော် ကာလရှည်ကြာ မတည်တံ့ခြင်း၏ အကြောင်းငါးပါး၊ သဒ္ဓမ္မသုံးဖြာ သာသနာတော် ကာလရှည်ကြာ တည်တံ့ခြင်း၏ အကြောင်းငါးပါးတို့ကို ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ထိုကိမိလသုတ်တော်၏ အကျဉ်းချုပ်အဓိပ္ပာယ်မှာ–

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာ လေးဖြာသော ပရိသတ်တို့

(၁) သတ္ထုအဂါရဝ အပ္ပတိဿ ဝိဟရဏ၊
(၂) ဓမ္မအဂါရဝ အပ္ပတိဿ ဝိဟရဏ၊
(၃) သံဃအဂါရဝ အပ္ပတိဿ ဝိဟရဏ၊
(၄) သိက္ခာအဂါရဝ အပ္ပတိဿ ဝိဟရဏ၊
(၅) အညမညအဂါရဝ အပ္ပတိဿ ဝိဟရဏ–

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အကျင့်သိက္ခာတရားနှင့် အချင်းချင်းတို့အပေါ်၌ အလေးဂရုမပြုကြဘဲ၊ အလေးဂရုပြုထိုက်သည့်အရာ၌ မထားကြဘဲ၊ အဆုံးအမစကားကို လေးစားနာယူမှုမရှိကြဘဲ၊ အမှီအခိုအကြီးအကဲအရာ၌ မထားကြဘဲ၊ ရိုသေတုပ်ဝပ်မှုမရှိကြဘဲ နေကြခြင်းကြောင့် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလရှည်ကြာ မတည်တံ့နိုင်။

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာ လေးဖြာသောပရိသတ်တို့–

(၁) သတ္ထုသဂါရဝ သပ္ပတိဿ ဝိဟရဏ၊
(၂) ဓမ္မသဂါရဝ သပ္ပတိဿ ဝိဟရဏ၊
(၃) သံဃသဂါရဝ သပ္ပတိဿ ဝိဟရဏ၊
(၄) သိက္ခာသဂါရဝ သပ္ပတိဿ ဝိဟရဏ၊
(၅) အညမညသဂါရဝ သပ္ပတိဿ ဝိဟရဏ–

ဘုရား တရား သံဃာ ရတနာသုံးပါး အကျင့်သိက္ခာတရားနှင့် အချင်းချင်းတို့အပေါ်၌ အလေးဂရုပြုကြလျက်၊ အလေးဂရုပြုထိုက်သည့်အရာ၌ ထားကြလျက်၊ အဆုံးအမစကားကို လေးစားနာယူကြလျက်၊ အမှီအခို အကြီးအကဲအရာ၌ ထားကြလျက်၊ ရိုသေတုပ်ဝပ်မှုရှိကြလျက် နေကြခြင်းကြောင့် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလရှည်ကြာ တည်တံ့နိုင်၏ဟု ဆိုလိုပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ယခုအခါ ရဟန်းရှင်လူအများစုသည် ရတနာသုံးပါးအပေါ်၌ ရိုသေလေးစားမှုနည်းပါးလာကြပါသည်။ ရတနာသုံးပါးအပေါ်၌ ရိုသေလေးစားမှု နည်းပါးလာခြင်းသည် သဒ္ဓမ္မသုံးဖြာ သာသနာတော် ကာလရှည်ကြာ မတည်တံ့နိုင်ခြင်း၏အကြောင်းဖြစ်သည့်အတွက် မိမိတို့၏ တပည့်ရဟန်း၊ သာမဏေများ၊ ဒကာ၊ ဒကာမများ ရတနာသုံးပါးအပေါ်၌ ကြည်ညိုရိုသေလေးစားမှု ရှိလာအောင်



သွန်သင်ဆုံးမပေးကြဖို့ တာဝန်သည် တပည့်တော်တို့၏ တာဝန်ဖြစ်ပါသည်။ မျိုးဆက်သစ် လူငယ်မောင်မယ်ကလေးများ ဘုရား၊ တရား၊ သံဃာအကြောင်း သိမြင်အောင်၊ သာသနာစစ်၊ သာသနာမှန်ကို ကြည်ညိုတတ်အောင်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ လက်ရှိအခြေအနေအောက် အရှိန်အဟုန် မကျဆင်းအောင်၊ တည်တံ့ခိုင်မြဲ၍ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ကြရန် လိုအပ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ယခုအခါ ရဟန်းရှင်လူအများစုသည် မိမိတို့ကျင့်သုံးရမည့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ ဟူသော သိက္ခာသုံးပါး ကိုယ်ကျင့်တရား၌ ရိုသေလေးစားမှုနည်းပါးလာကြပါသည်။ အချို့သော ရဟန်း သာမဏေများသည် မကြည်ညိုသေးသော ပုဂ္ဂိုလ်များ ကြည်ညိုအောင်၊ ကြည်ညိုပြီးသော ပုဂ္ဂိုလ်များ ဆတက်ထမ်းပိုး တိုး၍ကြည်ညိုအောင် မပြုကျင့်ကြဘဲ ကြည်ညိုပြီးသော ပုဂ္ဂိုလ်များ အကြည်ညိုပျက်အောင်၊ မကြည်ညိုသေးသောပုဂ္ဂိုလ်များ မကြည်ညိုသည်ထက် မကြည်ညိုအောင် ရှင်ရဟန်းတို့နှင့်မလျော်သောသာသနာ့ဂုဏ်သိက္ခာညှိုးမှိန်စေမည့်အလုပ်များကို ပြုလုပ်နေကြသည်ကို ဆရာတော်များ တွေ့မြင်ကြားသိနေကြပါလိမ့်မည်ဘုရား။ သို့ဖြစ်၍–

(၁) သာသနာ့ဝန်ထမ်းရဟန်းသာမဏေများသည် ညွှန်ကြားလွှာ(၇၂)၊ အပိုဒ်(၂) အပိုဒ်ခွဲ (က)ပါ စည်းကမ်းကျင့်ဝတ် ကိုးချက်ကို လိုက်နာကျင့်သုံးကြရန်၊

(၂) ကျောင်းထိုင်ဘုန်းကြီးများသည် အပိုဒ်ခွဲ (ခ)ပါ စည်းကမ်းကျင့်ဝတ် ငါးချက်ကို လိုက်နာကျင့်သုံးကြရန်၊

(၃) ရဟန်းသာမဏေများလိုက်နာရန် စည်းမျဉ်းဥပဒေ (၃၁) ချက်ကို (အထူးအားဖြင့်) ယင်းစည်းမျဉ်းဥပဒေ (၃၁) ချက်တို့တွင် အပိုဒ်(၇၊ ၈၊ ၂၅၊ ၂၇၊ ၂၉)တို့ကို လိုက်နာကျင့်သုံးကြရန်ဟူသော ဤအချက် သုံးချက်ကို မဖြစ်မနေ အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရန် လိုအပ်ပါသည်ဘုရား။

နောက်တစ်ချက်လျှောက်ထားလိုသည်မှာ ဓနအင်အားအသင့်အတင့်ရှိသည့် ဝိသမလောဘသမားအချို့တို့သည် အသံချဲ့စက်၊ မော်တော်ယာဉ် စသော အထောက်အကူပြုပစ္စည်းများ ထုထောင်၍ အလှူခံသမားငှားကာ ဘုရားတည်ရန်၊ သာသနာ့ဗိမာန်ကြီးဆောက်ရန်၊ ကျောင်းတော်ကြီးဆောက်ရန် စသည် အကြောင်းပြလျက် အလှူခံနေကြသည်မှာ နိုင်ငံအနှံ့ဖြစ်နေပါသည်ဘုရား၊ ထိုသို့သောအလှူခံအတုအယောင်များ ပပျောက်သွားအောင် အာဏာပိုင် အဖွဲ့အစည်းများနှင့် လက်တွဲလျက် တက်တက်ကြွကြွဆောင်ရွက်သင့်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာ–လေးဖြာသော ပရိသတ်တို့အချင်းချင်း အပြန်အလှန် ရိုသေလေးစားမှုမရှိကြ၊ အလေးဂရုပြုထိုက်သည့်အရာ၌ မထားကြ၊ အဆုံးအမအဆိုအမိန့်စကားကို လေးလေးစားစားမနာယူကြ၊ အမှီအခိုအကြီးအကဲအရာ၌မထားကြဘဲနေကြလျှင် သဒ္ဓမ္မ သုံးဖြာ

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမ အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူစဉ်။

(သတင်းစဉ်)

သာသနာတော်ကာလရှည်ကြာ မတည်တံ့နိုင်ဘဲ အလျင်အမြန် ကွယ်ပျောက်သွားနိုင်ပါသည်။

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာ–လေးဖြာသော ပရိသတ်တို့အချင်းချင်း အပြန်အလှန် ရိုသေလေးစားကြ၊ အလေးဂရုပြုထိုက်သည့်အရာ၌ ထားကြလျက် အဆုံးအမအဆိုအမိန့်စကားကို လေးစားနာယူကြ၊ အမှီအခို အကြီးအကဲအရာ၌ ထားကြလျက်နေကြလျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော် ကာလရှည်ကြာ တည်တံ့နိုင်ပါလိမ့်မည်ဘုရား။

ဘုရားတပည့်တော်တို့ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်နေကြသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့လည်း အဖွဲ့ဝင်အချင်းချင်း၊ အထက်အဖွဲ့အစည်းနှင့် အောက်အဖွဲ့ အစည်းအချင်းချင်း ရိုသေလေးစားမှုရှိနေကြမှ၊ အလေးဂရုပြုထိုက်သည့် အရာ၌ထားနေကြမှ၊ အထက်အဖွဲ့အစည်း၏ ညွှန်ကြားမိန့် မှာချက်များကို အောက်အဖွဲ့အစည်းက လေးစားလိုက်နာလျက်၊ အောက်အဖွဲ့အစည်း၏ တင်ပြချက်များကို အထက်အဖွဲ့အစည်းက လေးလေးစားစား ဂရုတစိုက်လိုက်လျောဆောင်ရွက်ပေးကြမှ၊ အထက်အဖွဲ့အစည်းကို အောက်အဖွဲ့အစည်းက အမှီအခိုအကြီးအကဲရာ၌ထားကြမှ၊ အောက်အဖွဲ့အစည်းကိုလည်း အထက်အဖွဲ့အစည်းက မှီခိုရာ၊ အားထားရာ၊ အထောက်အကူပြုရာ မိမိတို့၏ အင်အားအဖြစ်ထားကြမှသာ ဘုရားတပည့်တော်တို့၏ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်လျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး ကာလရှည်ကြာ ကောင်းစွာတည်တံ့နိုင်မည်ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များအမှူးရှိသော ဆရာတော်အရှင်မြတ်တို့က စံပြအဖြစ်ဖြင့် ဦးဆောင်၍ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့ ဒိဋ္ဌာနုဂတိ လိုက်နာကြစေရန် သုံးပါးရတနာကျင့်သိက္ခာနှင့် အညမည ဂါရဝတရားငါးပါးတို့ကို ရိုရိုသေသေ လေးလေးစားစား ကျင့်သုံးလိုက်နာတော်မူကြလျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့အောင် ဆောင်ရွက်တော်မူကြပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား။

ဘဒ္ဒန္တကုမာရ
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
သဘာပတိ ဥက္ကဋ္ဌ
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

✻ နိုင်ငံတော်ပရိယတ္တိမှ

ရှေ့ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

(သဘာပတိ ဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို စာမျက်နှာ-၁၀ တွင် ဖော်ပြထားပါသည်။)

သာသနာရေးဆိုင်ရာများလျှောက်ထား

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် သဗ္ဗညုဘုရားရှင်သည် မိမိကိုယ်တော်တိုင် သံသရာရေယဉ်ကြောမှ ကူးမြောက်တော်မူသကဲ့သို့ သတ္တဝါဝေနေယျအပေါင်းအားလည်း ကူးမြောက်စေတော်မူလိုသည့် မဟာကရုဏာတော်ကြောင့် ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်တည်းဟူသော ဘုရားရှင်အဆုံးအမ သာသနာတော်ကြီးကို တည်ထောင်တော်မူပြီး သံဃာ့အဖွဲ့များအား သာသနာတော်တာဝန်များ အပ်နှင်းတော်မူခဲ့ရာ ယနေ့ကမ္ဘာတွင် ထေရဝါဒဗုဒ္ဓသာသနာဟူ၍ ထင်ရှားကျော်ကြားလျက်ရှိပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် သံဃာတော်ပေါင်း ငါးသိန်းကျော်နှင့် သာသနာ့နွယ်ဝင်သီလရှင် သုံးသောင်းကျော်တို့သည် အိမ်ရာတည်ထောင် လူ့ဘောင်တွင် နေတော်မမူကြဘဲ လောကီအာရုံ အဖုံဖုံကို စွန့်လွှတ်စွန့်ခွာ၍ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ကို အချိန်ပြည့် ကျင့်ကြံပွားများအားထုတ်လျက် မိမိတို့၏ ပစ္စည်းလေးပါးဒါယကာ ဒါယိကာမများအား ဆင်းရဲကင်းရာ နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောပြောညွှန်ပြဆိုဆုံးမလျက် "သံဃာ့ကိစ္စ သံဃာဆောင်ရွက်" ဟူသော မူဝါဒနှင့်အညီ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဦးဆောင်၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်တော်မူနေကြသည်ကို ဖူးတွေ့ရပါသဖြင့် ဗုဒ္ဓသာသနာတော်အတွက် အထူးအားတက် ဝမ်းမြောက်မိပါကြောင်း။

စီစဉ်ဆောင်ရွက်တော်မူလျက်ရှိ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်တော်မူကြရာတွင် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာသံဃာ့အဖွဲ့များ ထားရှိကာ သာသနာတော်ဆိုင်ရာ ပိုင်ဆိုင်ခွင့် အငြင်းပွားမှု မှုခင်းများ၊ အဆုံးအဖြတ် အကောင်အထည်ဖော်ပြီးမပြီး မှုခင်းများ၊ ဓမ္မ/အဓမ္မ အငြင်းပွားမှု (ဝိဝါဒ)မှုခင်းများ၊ လူမှုရေးဖောက်ပြန်မှု၊ သူတစ်ပါး ပစ္စည်းဘဏ္ဍာခိုးယူမှု၊ သူတစ်ပါး အသက်ဆုံးရှုံးစေမှု၊ သာသနာ ခုတုံးလုပ်စီးပွားရှာမှု၊ ကျောင်းစည်းကမ်းဖောက်ဖျက်မှု၊ သာသနာတော်နှင့် မဖွယ်မရာ နေထိုင်သွားလာမှုများဖြင့် စွပ်စွဲမှု(အနုဝါဒ) မှုခင်းများ၊ အထူးသဖြင့် သာသနာတော် တစ်ရပ်လုံးနှင့် ဆိုင်သော ဓမ္မ အဓမ္မဝါဒများ ပြန်လည်ထိုးထွက်လာသည်ကို သတိရှိရှိတားမြစ်နိုင်ရေး၊ နိုင်ငံတော်အယူခံ မှုခင်းများ အမြန်ဆုံးပြီးဆုံးရေး ဝိနိစ္ဆယရေးရာကဏ္ဍများကို ဝိနိစ္ဆယအဖွဲ့ငယ် ဆရာတော်များက စီစဉ်ဆောင်ရွက်တော်မူလျက်ရှိပါကြောင်း။

အလားတူ ရဟန်းတု၊ ရဟန်းယောင်များ ဖယ်ရှားရေးအတွက် သာသနာဝင်မှတ်တမ်းရရှိရေး၊ ကျူးကျော်ကျောင်းများ ဖယ်ရှားရေး၊ သာသနာတော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့်ညီသော ကျောင်းသစ်ဆောက်လုပ်ရေး၊ ကျောင်းထိုင်ဘုန်းကြီး တင်မြှောက်ရာတွင် ကျောင်းထိုင်အင်္ဂါနှင့်ညီညွတ်ရေး၊ ဝိနည်းကံဆောင်ရန် သိမ်ဂရန်များ ရရှိရေး၊ သာသနာ့မြေ အစစ်အမှန်ရရှိရေး၊ သာသနာ့တာဝန် ထမ်းဆောင်သော ရဟန်းတော်များနှင့် သီလရှင်များ၊ သာသနာတော်ဆိုင်ရာ ချီးမြှင့်မှု ဘွဲ့ထူးဂုဏ်ထူးများ ရရှိစေရေး၊ သာသနာပြု လူပုဂ္ဂိုလ်များ၊သာသနာတော်ဆိုင်ရာထောက်ပံ့မှုများ ရရှိစေရေး၊ ကျောင်း၊ ကန်၊ ဘုရား၊ စေတီစသော သာသနိက အဆောက်အအုံများ ကြည်ညိုဖွယ်ဆောင်စေရေး၊ သံဃာ့အဖွဲ့အစည်းများ ပုံမှန်ကျင်းပနိုင်ရေး၊ အခါအားလျော်စွာ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ကျင်းပနိုင်ရေးစသော သာသနာရေးရာကဏ္ဍကိုသာသနာရေးရာအဖွဲ့ဝင်ဆရာတော်များက ဦးစီးဦးဆောင်၍ ဆောင်ရွက်တော်မူလျက်ရှိကြပါကြောင်း။

အရေအတွက်မှအရည်အချင်းသို့

သာသနာတော် တည်တံ့ခိုင်မြဲရေးအတွက် အဓိကကျသည့် ပညာရေးရာကဏ္ဍတွင် ထေရဝါဒ ပိဋကတ်ကျမ်းစာ

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမ အစည်းအဝေးတွင် အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသ ဆောင်ရွက်တော်မူစဉ်။ (သတင်းစဉ်)

များ စနစ်တကျ စဉ်ဆက်မပြတ် ပေါ်ထွက်နေစေရေး၊ ပရိယတ်၊ ပဋိပတ် ကျွမ်းကျင်သော အကျော်အမော် သာသနာပြုပုဂ္ဂိုလ်များ ပေါ်ထွက်ရေး၊ မြန်မာနိုင်ငံတွင် သင်္ဂါယနာတင်ရန် အခွင့်အလမ်း ရရှိစေသော ပိဋကတ်သုံးပုံဆောင် သာသနာ့အာဇာနည်များ ပေါ်ထွက်စေရေး၊ ပရိယတ္တိ စာသင်တိုက်ကြီးများ အခိုင်အမာ ရပ်တည်နေစေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်နေသည်မှာ ဆရာတော်များ သိရှိတော်မူသည့်အတိုင်း ဖြစ်ပါကြောင်း၊ ပရိယတ္တိသာသနာ တိုးတက်ခိုင်မာရေးအတွက် စာသင်တိုက်ကြီးများနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများသည် အခြေခံကျလှပါကြောင်း၊ အရေအတွက်မှ အရည်အချင်းသို့ မူအရ အရည်အချင်းပြည့်ဝသော စာသင်သားများ ရရှိရန် နောင်နှစ်စာသင်နှစ်မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဝင်ခွင့်ရေးဖြေစာမေးပွဲတွင် ပါဠိစာပေနှင့် အင်္ဂလိပ်စာကိုထည့်သွင်းမေးမြန်းပြီး ဆရာတော်များနှင့်တကွ ပညာရှင်များပါဝင်သော အဖွဲ့များက နှုတ်မေးခွန်း လူတွေ့စစ်ဆေးသွားရန် ရှိပါကြောင်းကို လျှောက်ထားအပ်ပါကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းကာ ပညာရေးစာတမ်းဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက်လည်း ၂၀၀၅ ခုနှစ်အောက်တိုဘာလတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တိုင်တိုင် ကျင်းပနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ပရိယတ္တိပညာ အဆင့်မြှင့်တင်နိုင်ရေးရည်ရွယ်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ဆိုင်ရာ အဖွဲ့တစ်ဖွဲ့ကို အိန္ဒိယနိုင်ငံသို့ တာဝန်ပေးစေလွှတ်ရေးနှင့် သင်ရိုးညွှန်းတမ်းများ နိုင်ငံတကာအဆင့်မီပြုစုရေးစသည်များကို ပညာရေးအဖွဲ့ငယ် ဆရာတော်များ ဦးဆောင်ကာ အကောင်အထည်ဖော်ဆောင်ရွက်တော်မူလျက်ရှိပါကြောင်း။

ဤကဲ့သို့ ဆရာတော်၊ သံဃာတော်များဘက်မှ ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူကြသကဲ့သို့ မိမိတို့ အစိုးရနှင့် ဒါယကာ၊ ဒါယိကာမများဘက်ကလည်း ဘာသာသာသနာ ရောင်ဝါထွန်းနေပါမှ ကိုယ်ကျင့်တရား မြင့်မားသော လူ့အရင်းအမြစ်များ ပေါ်ထွန်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်မည်ကို စွဲမြဲစွာယုံကြည်ထားပါသဖြင့် စာရိတ္တမဏ္ဍိုင်ခိုင်မြဲရေး ဦးဆောင်လမ်းပြတော်မူကြသည့် ဆရာတော်များ စားဝတ်နေရေးကြောင့်ကျအေး၍ ဂန္ထဓုရ၊ ဝိပဿနာဓုရ ဟူသော သာသနာတာဝန်နှစ်ရပ်ကို အချိန်ပြည့်ဆောင်ရွက်တော်မူနိုင်ရေး၊ သာသနိက အဆောက်အအုံများ ခံ့ညားထည်ဝါရေး၊ သာသနာပြုရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်၍ သာသနာ့အန္တရာယ် အသွယ်သွယ်ကို ဖယ်ရှားရန် အာဏာစက်ဖြင့်ပံ့ပိုးရေး၊ ထေရဝါဒ ပိဋကတ်ကျမ်းစာမျိုးစုံ မြန်ကောင်းသက်သာ စနစ်ဖြင့် ပုံနှိပ်ဖြန့်ချိနိုင်ရန်အတွက် ကွန်ပျူတာစနစ်၊ ခေတ်မီပတ်လည်စက်ကြီးများအသုံးပြုရေး၊ ရှားပါးသောပါဠိ အဋ္ဌကထာ ဋီကာကျမ်းကြီးများကို အခမဲ့လှူဒါန်းနိုင်ရေး၊ တစ်နှစ်ပတ်လုံး သံဃာ့အစည်းအဝေးများကျင်းပရေး၊ အခါအားလျော်စွာ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပရေး၊ နိုင်ငံတကာနှင့် ဆက်သွယ်၍ ပရိယတ္တိ ပညာရေး အဆင့်မြှင့်တင်ရေး၊ သံဃာတော်များအားလုံး ဝိနည်းတရားတော်ကို သိရှိလိုက်နာနိုင်ရေးစသော သာသနာနုဂ္ဂဟလုပ်ငန်းများကို နိုင်ငံတော်၏ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများများပြားနေသည့်ကြားမှပင် မျက်ခြေမပြတ်ဆောင်ရွက်ပေးလျက်ရှိသည်မှာ ဆရာတော်များ အသိပင်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုကဲ့သို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ စုံညီအစည်းအဝေး၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် အစည်းအဝေး ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲ အောင်မြင်ရေးအတွက် အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝန်ကြီးဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်ထားပါကြောင်း၊ ထိုသို့ဆောင်ရွက်ထားသော်လည်း ပုထုဇဉ်တို့သဘာဝ မေ့လျော့၍ လုပ်ငန်းများ လစ်ဟင်းမှုတစ်စုံတစ်ရာ တွေ့ရှိပါက ခွင့်လွှတ်သည်းခံတော်မူပါရန်နှင့် လိုအပ်သည်များကို ဩဝါဒပေး ချီးမြှင့်တော်မူကြပါရန် လျှောက်ထားသည်။

တင်သွင်းလျှောက်ထား

ထို့နောက် ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပဌမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံ စာသင်တိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ စန္ဒသိရီက တင်သွင်းလျှောက်ထားတော်မူသည်။

ခေတ္တရပ်နား

ဆက်လက်၍ ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပဌမအကြိမ် တာဝန်ကျရာကာလအတွင်း ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အစီရင်ခံစာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များဖြစ်တော်မူကြသော စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ဓေယျသိန်ပါဠိတက္ကသိုလ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာသီရိ၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန် စာချကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကာဘိဝံသနှင့် ဧရာဝတီတိုင်း ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လတို့ကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်အစီရင်ခံစာကို ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ငွေကြာရံ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတနှင့် ဧရာဝတီတိုင်း ဝါးခယ်မမြို့ ကျွန်းကုန်းဓေယျဝတီ အနောက်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသတို့ကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို ဧရာဝတီတိုင်း ပုသိမ်မြို့ နီကြောခရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတနှင့် ရန်ကုန်တိုင်း ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဇောတိကတို့က လည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမ အစည်းအဝေးကို မတ် ၇ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဆက်ကပ်လှူဒါန်း

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များအား အလှူရှင်များက ဆွမ်းခဲဘွယ်ဘောဇဉ်များကို လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်မြို့ ပါရမီရိပ်သာ မြစပါယ်လမ်းနေ ဒေါ်မြင့်မြင့်သိန်း၊ ဗဟန်းမြို့နယ် ကမ္ဘောဇလမ်းနေ ဒေါ်ခင်ဝင်းမြင့်နှင့် ညီအစ်မတစ်စုတို့က ဆရာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရန်ကုန်မြို့ လှိုင်ရတနာမွန်အိမ်ရာနေ ဦးဆန်းဝင်း-ဒေါ်ရီရီဝေ၊ သား ကောင်းမြတ်ဝင်း၊ ရဲမြတ်ဝင်း၊ သမီး တောက်တာ၊ မို့မို့မြင့်မောင် မိသားစုတို့က မတ် ၃ ရက်တွင် တစ်နေ့တာဆွမ်းအလှူကို လည်းကောင်း၊ ဦးမြင့်ဦး-ဒေါ်ဘုတ်၊ သား မင်းစစ်သွေးမိသားစုတို့က မတ် ၄ ရက်တွင် အရုဏ်ဆွမ်းအလှူကို လည်းကောင်း၊ ဦးအေးတင်-ဒေါ်ကြူကြူ (ဟသ်ာမင်းစာအုပ်ချုပ်လုပ်ငန်း) မိသားစုက နေ့ဆွမ်းအလှူကို လည်းကောင်း၊ ဦးတင်မိုး-ဒေါ်အေးရှင်၊ ဦးစိန်ဝမ်း-ဒေါ်မချူထွန်း၊ ဦးအောင်နိုင်ထွန်း(ခ) အောင်အောင် - မစိုးစိုးအေး မိသားစုတို့က မတ် ၅ ရက်တွင် တစ်နေ့တာ ဆွမ်းအလှူကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

မကွေးတိုင်း နတ်မောက်မြို့ ဗိုလ်တေဇအားကစားခန်းမ ဖွင့်ပွဲတွင် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် အမှာစကားပြောကြားစဉ်။ (အား/ကာ)

● ဗိုလ်တေဇမှ

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကား ပြောကြားပြီး ဝန်ကြီးက မကွေးတိုင်း အားကစားနှင့် ကာယပညာကော်မတီသို့ ငွေကျပ် ၅၄၀၀၀၀ တန်ဖိုးရှိ ဘောလုံး၊ဘော်လီဘော၊ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘောနှင့်လက်ဗွေ့အားကစား ပစ္စည်းများ၊ မကွေးခရိုင်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်သို့ ငွေကျပ် ၄၆၀၀၀၀ တန်ဖိုးရှိ အားကစားပစ္စည်းများနှင့် လူငယ်ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ မကွေးတိုင်းတွင် စုစည်းလေ့ကျင့်လျက်ရှိသော အသက်(၁၃)နှစ်အောက်၊ အသက်(၁၅)နှစ်အောက်၊ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးအသင်းများအတွက် ငွေကျပ်ခြောက်သိန်းကျော် တန်ဖိုးရှိ ဘောလုံးအားကစား ပစ္စည်းများ၊ ဘောလုံးနည်းပြ ခြောက်ဦးအတွက် နည်းပြထောက်ပံ့ငွေကျပ် ၁၄၇၀၀၀ တို့ကို ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ယင်းနောက် အားကစားခန်းမသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို အားကစားခန်းမသစ် တာဝန်ယူတည်ဆောက်ခဲ့သော အောင်မြင်ဆောက်လုပ်ရေးမှ ဦးဇော်မင်းက ပေးအပ်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က လက်ခံပြီး ဖွင့်ပွဲအထိမ်းအမှတ် အလံများကို မကွေးတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက ဝန်ကြီးနှင့် ဧည့်သည်တော်များအား ပေးအပ်သည်။

ထို့နောက် မြန်မာ့သိုင်း၊ မြန်မာ့ရိုးရာခြင်းလုံးအားကစားအဖွဲ့များနှင့် ပဝါအက၊ ကဗျာလွတ် အကအဖွဲ့များက သရုပ်ပြသကြပြီး ဝန်ကြီးက သရုပ်ပြအဖွဲ့များကို ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းကာ ဝန်ကြီးက အခမ်းအနားသို့တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယခု ဖွင့်လှစ်သည့် ဗိုလ်တေဇအားကစား ခန်းမသစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့် ၃၆ ပေရှိ ကျွန်းလျှာထိုး တစ်ထပ်ကြမ်းခင်း အဆောက်အအုံဖြစ်ပြီး ယခင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် အားကစားရုံအစား နိုင်ငံတော်မှ ခွင့်ပြုငွေကျပ် ၄၃၆သိန်း၊ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၅၄ သိန်း၊ ယခင်အားကစားခန်းမဟောင်းမှ ဆယ်တင်ပစ္စည်းတန်ဖိုး ကျပ်သိန်း ၅၀ တို့ဖြင့် စုစုပေါင်းငွေကျပ် သိန်း ၅၄၀ အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ကာ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင် အပါအဝင် ရုံတွင်းအားကစားနည်း အားလုံးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေးတိုင်း ပျော်ဘွယ်မြို့သို့ ရောက်ရှိပြီး မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များကို တွေ့ဆုံ၍ အားကစား တိုးတက်မြင့်မာရေး မှာကြားကာ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး မြို့နယ်အားကစားကွင်းနှင့် တင်းနစ်အားကစားကွင်းကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ပထမတန်း ကွင်းပိတ်ရှုံးထွက် ဘောလုံးပြိုင်ပွဲ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဗိုလ်စွဲ

ရန်ကုန် မတ် ၆

၂၀၀၅-၂၀၀၆ဘောလုံးရာသီ ပထမတန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအဖြစ် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းနှင့် လျှပ်စစ်စွမ်းအားအသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက ပဒုမ္မာဘောလုံးကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ ဆက်သွယ်ရေးစာတိုက်အသင်းက ပယ်နယ်တီအဆုံးအဖြတ် ခုနစ်ဂိုး-ခြောက်ဂိုးဖြင့်အနိုင်ရဗိုလ်စွဲ သွားသည်။

ဆက်/စာ/ကြေးအသင်း ခုနစ်ဂိုး

(အေးချမ်းထက်အောင် - နှစ်ဂိုး၊ ရည်မွန်ပေါလ်၊ သုနောင်၊ ဒေဝဂုမ္ဘာန်၊ သီဟဇော်နှင့် စိုးသိန်း တစ်ဂိုးစီ)

လျှပ်စစ်စွမ်းအားအသင်း ခြောက်ဂိုး

(ရဲလင်းထွန်း-နှစ်ဂိုး၊ အောင်သာမွေး၊ အောင်ကိုကိုသန်း၊ ဝင်းထွေးနှင့် ဇော်မင်းထွန်း တစ်ဂိုးစီ)

ဒိုင်လူကြီး ဦးဝင်းချို

ချန်ပီယံဆုနှင့် လက်တစ်ကမ်းအလိုဖြစ်သည်နှင့်အညီ နှစ်သင်းစလုံး အိတ်သွန်ဖာမှောက် ကစားကြရာပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး ပယ်နယ်တီအဆုံးအဖြတ်ကျမှ ချန်ပီယံအသင်း ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဆက်/စာ/ကြေးအသင်းနှင့်လျှပ်စစ်စွမ်းအားအသင်းတို့သည် ဗိုလ်လုံတစ်လုည့် ငါးပုံ့တစ်လုည့်ဆိုသလို ဂိုးများကို အပြိုင်အဆိုင်သွင်းယူခဲ့ကြရာ သာမန်ကစားချိန် မိနစ် ၉၀တွင် နှစ်ဂိုးစီသရေ၊ အချိန်ပို မိနစ်၃၀တွင် တစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရာဆက်/စာ/ကြေးအသင်းက အောင်ပွဲခံသွားခြင်းဖြစ်သည်။

ပထမပိုင်းရှစ်မိနစ်တွင်ရည်မွန်ပေါလ်က ဆက်/စာ/ကြေးအတွက် ဂိုးစတင်သွင်းယူသော်လည်း ၃၄မိနစ်တွင် အသင်းခေါင်းဆောင် အောင်သာမွေးက လျှပ်စစ်စွမ်းအားအတွက် ချေပဂိုးပြန်လည်သွင်းယူသည်။ ပထမတစ်ဂိုးစီသရေဖြစ်ပြီး နှစ်မိနစ်အကြာမှာပင် တိုက်စစ်မှူး သုနောင်က ဒုတိယဂိုးထပ်မံသွင်းယူသဖြင့် ပထမပိုင်းအပြီးတွင် ဆက်/စာ/ကြေးက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရနေသည်။ ဒုတိယပိုင်းတွင်လည်းပွဲမှာဘတစ်ပြန်ကျားတစ်ပြန်ဆိုသလို အပြန်အလှန်တိုက်စစ်ဆင်ခဲ့ကြပြီး ၁၄မိနစ်တွင် အောင်ကိုကိုသန်းက လျှပ်စစ်စွမ်းအားအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သဖြင့် နှစ်ဂိုးစီသရေကျကာ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။

အချိန်ငါးမိနစ်တွင် ရဲလင်းထွန်းက လျှပ်စစ်စွမ်းအားအတွက် တတိယဂိုး(ငွေဂိုး)ကို စတင်သွင်းယူသည်။ ဂိုးပေးလိုက်ရ၍ ဆက်/စာ/ကြေးတိုက်စစ်အား မြှင့်တင်လာရာ ၁၈မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် အေးချမ်းထက်အောင်က ချေပဂိုးပြန်လည်သွင်းယူလိုက်၍ သုံးဂိုးစီ သရေဖြစ်ကာ ပယ်နယ်တီထိ ခရီးဆက်ခဲ့ရသည်။

ပယ်နယ်တီငါးလုံးစီကန်သွင်းရာတွင် ဆက်/စာ/ကြေးအသင်းမှ ဝင်းဇော်လင်း ကန်သွင်းသော တတိယမြောက်အလုံးမှာလွဲ၍ သီဟဇော်၊ စိုးသိန်း၊ ဒေဝဂုမ္ဘာန်နှင့် အေးချမ်းထက်အောင်တို့ကန်သွင်းသော လေးဂိုးစလုံး ဂိုးဝင်သည်။ လျှပ်စစ်စွမ်းအားအသင်းမှ ဝင်းထွေး၊ ရဲလင်းထွန်းနှင့် ဇော်မင်းထွန်းတို့ကန်သွင်းသော သုံးဂိုးသာဂိုးဝင်ပြီး အောင်ကိုကိုသန်းနှင့် သန့်ဇင်ဦးတို့ကန်သွင်းသော ဘောလုံးကို ဂိုးသမား အောင်မင်းနိုင် ပုတ်ထုတ်ကာကွယ်ခဲ့၍ ပိုင်နယ်တီအဆုံးအဖြတ် လေးဂိုး-သုံးဂိုး၊ စုစုပေါင်း ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် ဆက်/စာ/ကြေး အသင်းအနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အမှုဆောင် ဦးအေးမောင်ကြီးက ပထမတန်းအမှတ်ပေးပြိုင်ပွဲ စတုတ္ထဆုရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းအားဆုကြေးငွေ ငါးသိန်းနှင့် တတိယဆုရ သတ္တုတွင်းအသင်းအား ဆုကြေးငွေ ၁၀သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အမှုဆောင် ဦးသန်းတိုးအောင်ကဒုတိယဆုရ ဆက်၊ စာ၊ကြေးအသင်းအား ဆုကြေးငွေ၁၅ သိန်းကိုလည်း ကောင်းပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးတင်အောင်(ဂိုး)က ကွင်းပိတ်ပြိုင်ပွဲ ဒုတိယဆုရ လျှပ်စစ်စွမ်းအားအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ် ငါးသိန်းကိုလည်းကောင်း၊ ဘောလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဦးတင်အောင်က ကွင်းပိတ်ပြိုင်ပွဲ ပထမဆုရ ဆက်/စာ/ကြေးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကိုလည်းကောင်း၊ Gun Kul Engeneering နှင့် Fresh Air Con ကုမ္ပဏီမန်နေဂျာ ဦးသောင်းထွဋ်က ဂိုးသွင်းအများဆုံးဆုရ သုနောင်(ဆက်/စာ/ကြေး)အား ရွှေဖိနပ်ဆုနှင့် Fresh Air Con အားပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှတ်ပေးပြိုင်ပွဲပထမဆုရ လျှပ်စစ်စွမ်းအားအသင်းအား ဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားကျပ်သိန်း ၂၀ကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီး ဌာနညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က ကွင်းပိတ်ပြိုင်ပွဲပထမဆုရ ဆက်/စာ/ကြေးအသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ဆုကြေးကျပ် ၁၀သိန်းပေးအပ်ချီးမြှင့်သည်။(ကြေးမုံ)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ပထမတန်းအမှတ်ပေးပြိုင်ပွဲ ပထမဆုရ လျှပ်စစ်စွမ်းအားအသင်းအား တံခွန်စိုက်ဆုဖလားပေးအပ် ချီးမြှင့်စဉ်။ (ကြေးမုံ)

ပထမတန်းကွင်းပိတ်ပြိုင်ပွဲ ပထမဆုရ ဆက်/စာ/ကြေးအသင်းအား တွေ့ရစဉ်။ (ကြေးမုံ)

တပေါင်းလပြည့်နေ့ ရွှေတိဂုံစေတီတော်၌ ရေသန့်ဘူးများဒါနပြုမည်

ရန်ကုန် မတ် ၆

၁၃၆၇ခုနှစ် တပေါင်းလပြည့် ဗုဒ္ဓပူဇနိယပွဲတော်နေ့ (တနင်္လာနေ့)တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ၊ သောကြာထောင့်၊ မြောက်ဘက်မုခ် စောင်းတန်းအနီး ဝေနေယျသုခ ဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့ အနီးမှနေ၍ ဝေနေယျသုခရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် သောက်ရေသန့်ဘူးပေါင်း သုံးသောင်းကျော်(ကျပ် ၁၅သိန်းခွဲကျော်ဖိုး)ကို တစ်နေကုန်စတုဒိသာ လှူဒါန်းမည်ဖြစ်သည်။ ယခုအထိ သောက်ရေသန့်ဘူးပေါင်း ၅၆၀၀၀၀ လှူဒါန်းခဲ့ပြီးသည်ကို သာဓုခေါ်ဆို ပါရန်နှင့် ရာသက်ပန် သောက်ရေသန့် ပဒေသာပင် တစ်ပင်လျှင် အနည်းဆုံးကျပ် တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း-၃၈၁၇၃၆နှင့်ဖုန်း- ၃၈၃၅၁၁-လိုင်းခွဲ ၁၇၁သို့ ဆက်သွယ်လှူဒါန်းနိုင်သည်ဟု သိရသည်။ (ကြေးမုံ)

မင်္ဂလသိရီ ပရိယတ္တိစာသင်တိုက်တွင် သဒ္ဓမ္မဟိတကာရီစာမေးပွဲ ကျင်းပ

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် မင်္ဂလသိရီ ပရိယတ္တိစာသင်တိုက် နာယက ဆရာတော်များ ကြီးမှူး၍ စတုတ္ထအကြိမ်မြောက် သဒ္ဓမ္မဟိတကာရီစာမေးပွဲကို မတ် ၁ရက်မှ ၇ ရက်အထိကျင်းပရာ ရှင်ငယ်တန်း၊ မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်းနှင့် ပထမကြီးတန်းများတွင် သံဃာအပါး ၂၄၀ကျော် ဝင်ရောက်ဖြေဆိုကြပြီး ၎င်းစာမေးပွဲမှ စာအောင် သံဃာဆုနှင်းပွဲကို မတ် ၂၇ ရက်တွင် မင်္ဂလသိရီ ပရိယတ္တိစာသင်တိုက်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဂရင်းရွိုင်ရယ်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ လားရှိုးဂေါက်ကလပ်၌ မတ် ၁၁နှင့် ၁၂ရက် ကျင်းပမည်

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ(Grand Royal Special Reserve Golf Championship 2006)ကို မတ် ၁၁ရက်နှင့် ၁၂ရက်တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လားရှိုးဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

အမည်စာရင်းပေးသွင်းနိုင်

အဆိုပါ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် Amateur ဂေါက်သီးရိုက်အားကစားသမားများသည် မတ် ၁၀ရက် နောက်ဆုံးထား၍ လားရှိုးဂေါက်ကလပ်၌ အမည်စာရင်း ပေးသွင်းနိုင်သည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ IBTCဖြစ်ပြီး Co- Sponsors များအဖြစ် Air Mandalay၊ Crusher Club Soda၊ Srixon နှင့် Grand Plaza Parkroyal Hotelတို့က အသီးသီးပါဝင်ကူညီ ကြမည်ဖြစ်ကာ လားရှိုး ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်

(၆-၃-၂၀၀၆)

အောင်လံ

၃၉ ဒီဂရီစင်တီဂရိတ်
(၁၀၂ ဒီဂရီဖာရင်ဟိုက်)

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၆

တန့်ဆည်အသင်း (ရန်ကုန်)၏ သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေး၊ နယ်မှဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ပူဇော်ပွဲ၊ (၇၅)နှစ်အထက် သက်ကြီးဂါရဝပြုပွဲနှင့် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူများ အမှတ်စာရင်းအလိုက် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၉ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ဗဟန်း ၃လမ်းရှိ အသင်းတိုက် ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

၂၀၀၅ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သော အသင်းသူ၊ အသင်းသားများ၏ သားသမီးများ အမှတ်စာရင်းမိတ္တူနှင့်တကွ မတ် ၁၇ရက် နောက်ဆုံးထား၍ အသင်းတိုက်ဓမ္မာရုံသို့ ပေးပို့ကြရန်နှင့် ဒု-ဥက္ကဋ္ဌ ဦးချစ်မွေး ဖုန်း-၆၄၀၂၂၃၊အတွင်းရေးမှူး ဦးကျော်ဒင် ဖုန်း- ၆၅၁၁၈၂သို့ အချိန်မီဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

နွေရာသီလူငယ် ဂေါက်သီးရိုက်သင်တန်း မတ် ၁၃ရက်တွင် စတင်ဖွင့်လှစ်မည်

ရန်ကုန် မတ် ၆

ဟန်ဂေါက်မာစတာ(စ်) အကယ်ဒမီ ဂေါက်သီးရိုက်လေ့ကျင့်ရေး သင်တန်းကျောင်း၏ နွေရာသီမျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်သင်တန်းများကို မတ် ၁၃ရက်မှ စတင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေး ကွင်း၌ ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ နွေရာသီ မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက် သင်တန်းတွင် အခြေခံဂေါက်သီးရိုက် သင်တန်း၊ ကွင်းပတ်အဆင့်သင်တန်းနှင့် အဆင့်မြင့်သင်တန်းများ ပါဝင်မည်ဖြစ်ပြီး သင်တန်းများတွင် စာတွေ့၊ လက်တွေ့ဖြင့် စနစ်တကျ တတ်မြောက်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။သင်တန်းသားအရေအတွက်နှင့် အချိန်ကန့်သတ်ချက်ရှိပါ၍ သင်တန်းများသို့ တက်ရောက်လိုသော မျိုးဆက်သစ်လူငယ်မောင်မယ်များသည် မတ် ၁၁ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် အမည် စာရင်းပေးသွင်း နိုင်သည်။ နယ်ကျောင်းသားများအတွက် အကယ်ဒမီကျောင်းဆောင်၌ နေထိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ယင်းနွေရာသီ မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်သင်တန်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၇၀၆၇၈၈ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

မြန်မာလိဂ် အဆင့်မြင့်တန်းဘောလုံးပွဲ လယ်/ဆည်က တံခွန်ကို အနိုင်ရ

ရန်ကုန် မတ် ၆

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းတွင် ဆက်လက်ကျင်းပရာ လယ်/ဆည်အသင်းက တံခွန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

လယ်/ဆည် တစ်ဂိုး
တံခွန် ဂိုးမရှိ

လယ်/ဆည်အသင်းမှာ ယနေ့ပွဲ အနိုင်ရရှိလိုက်၍ တန်းဆင်းဇုန်မှ လွတ်မြောက်ရန်အလား အလာကောင်း သွားပြီဖြစ်သည်။

လယ်/ဆည်အသင်းမှာ ၁၄ ပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေ၊ ကိုးပွဲရှုံး၊ ၁၁ ဂိုးသွင်း၊ ၂၈ ဂိုးပေး၊ ၁၃မှတ်ရရှိထားသည်။ တံခွန်အသင်းက ၁၄ ပွဲကစား ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံး၊ ၂၈ ဂိုးသွင်း၊ ၁၅ဂိုးပေး၊ ၂၄မှတ်ဖြင့် ပဥ္စမနေရာတွင် ရှိနေသည်။

ယနေ့ပွဲ

အောင်ဆန်းကွင်း
လယ်ယာထွက်ကုန်နှင့်ကမ္ဘောဇ

သုဝဏ္ဏကွင်း
စွမ်းအင်နှင့် ပြည်ထဲရေး

(ကြေးမုံ)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် မတ် ၆

ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)သည် ကစားဖော်များဖြစ်ကြသော ဦးမောင်မောင်ဝင်း၊ ဒေါက်တာထူးဟန်၊ ဦးကိုကို တို့နှင့်အတူ ယမန်နေ့က မြန်မာ ဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက် ကစားကြရာ Tour Special No. 3 ဘောလုံးကို Honma Iron No. 8 သံတုတ်ဖြင့်ရိုက်လိုက်ရာ ၁၅၅ ကိုက် အကွာတွင်ရှိသော ကျင်းအမှတ် (၁၂) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကိုကိုးကျွန်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်ကို ဖေဖော်ဝါရီ ၅ရက်က ပျိုးဥယျာဉ်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၁)ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ကြက်ဆူပင်များ ပျိုးထောင်ပေးစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၁၀ ၈။ ပညာခေတ်
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နန်းတွင်းရတနာ (အပိုင်း-၁၈)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကောင်းကင်သိုင်းကွက် (အပိုင်း-၁၂)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ မန်ချက်စတာစီးတီး အနိုင်ရ

လန်ဒန် မတ် ၆

အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂၈)ကို တနင်္ဂနွေနေ့က ကျင်းပသည်။ တိုက်စစ်မှူး ဂေါ်ဂီယို ဆမ်မာရာတစ်ဦးတည်း နှစ်ဂိုးသွင်းယူကာ မန်ချက်စတာ စီးတီးအသင်းကို အောင်ပွဲခံနိုင်သော်လည်း ဆန်ဒါလန်းအသင်း၏ ကြံ့ကြံ့ခံကစားသည့်အခြေအနေကို ရင်ဆိုင်ခဲ့ရသည်။

ညှော့သည်အသင်း ဆန်ဒါလန်းသည် ပွဲဦးထွက်မှာပင် တစ်ဖက်အသင်း၏ ခြိမ်းခြောက်မှုနှင့် တွေ့ကြုံရသည်။ ပွဲချိန် ကိုးမိနစ်နှင့် ၁၀မိနစ်တို့တွင် တိုက်စစ်မှူး ဆမ်မာရာက နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သည်။

သို့ရာတွင် ပွဲချိန် ၂၅မိနစ်တွင် ဆန်ဒါလန်းအသင်းမှ ကီဝင်ကီလီက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့ရာ ယင်းအသင်းအတွက် အနည်းငယ် စိတ်သက်သာမှုရရှိစေသည်။

မန်စီးတီးအသင်းမှ မီကားရစ်ချတ်သည် ပယ်နယ်တီကန်သွင်းခွင့်ရရှိသော်လည်း ဂိုးမဝင်ခဲ့ပေ။ ပွဲချိန် ၈၅မိနစ်တွင် ဆန်ဒါလန်းအသင်းမှ ဂယ်ရီဘရင်း ထုတ်ပယ်ခံခဲ့ရပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် မန်စီးတီးအသင်းက အောင်ပွဲခံခဲ့သည်။ ***အင်တာနက်။***



မတ် ၅ရက်က ကျင်းပသည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ဆန်ဒါလန်းအသင်းမှ နိုင်ရှန်နော့စ်ဝါသီနှင့် မန်ချက်စတာစီးတီးအသင်းမှ အယ်လ်ဘတ်ရေရာတို့အား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



မတ် ၅ရက်က ကျင်းပသည့် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် စပါးအသင်းမှ အက်ဒ်ဂါဒေးဗစ် ခြေထဲ၌ရှိနေသော ဘောလုံးကို ဘလက်ဘန်းရိုဗာအသင်းမှ ဒေးဗစ်ဘင့်လီက ဖျက်ထုတ်ရန်ကြိုးပမ်းစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တော့တင်ဟမ်ဟော့စပါး အနိုင်ရ ရော်ဘီကိန်းတစ်ဦးတည်း နှစ်ဂိုးသွင်းယူ

လန်ဒန် မတ် ၆

ဗြိတိန်နိုင်ငံ လန်ဒန်ရှိ ဝှိုက်ဟာ့လိန်းတွင် တနင်္ဂနွေနေ့က ကျင်းပသည့် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၌ တော့တင်ဟမ်ဟော့စပါးအသင်းက ဘလက်ဘန်းရိုဗာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယင်းပွဲတွင် ရော်ဘီကိန်းတစ်ဦးတည်းက နှစ်ဂိုးသွင်းယူနိုင်ခြင်းမှာ ယခုရက်သတ္တပတ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၏ ထူးခြားမှုပုံရိပ်တစ်ခုဖြစ်သည်။

စပါးအသင်းသည် အနိုင်ရရှိခြင်းဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရန် ယင်းအသင်း၏ အလားအလာကောင်းမှုကို မြှင့်တင်ပေးနိုင်သည်။ စပါးအသင်းသည် ဒေသခံပြိုင်ဘက် အာဆင်နယ်အသင်းထက် ငါးမှတ်အသာရရှိထားပြီး ဘလက်ဘန်းရိုဗာအသင်းကို ခြောက်မှတ်ဖြင့် ဖြတ်ထားနိုင်သည်။

ရော်ဘီကိန်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်က အိုင်ယာလန်သမ္မတနိုင်ငံအသင်းက ဆွီဒင်နိုင်ငံအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူလည်းဖြစ်သည်။ ကိန်းသည် အိုင်ယာလန် အမျိုးသားဘောလုံးအသင်း၏ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူပြီးနောက် ပထမဆုံးကစားရသည့်ပွဲလည်းဖြစ်ခဲ့သည်။ ကိန်းသည် တော့တင်ဟမ်ဟော့စပါးအသင်းနှင့် လေးနှစ်ကန်ထရိုက်စာချုပ်သစ်တစ်ရပ်ကို သောကြာနေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ***အင်တာနက်။***

အာရှတံခွန်စိုက် ရေကူးပြိုင်ပွဲ စင်ကာပူနိုင်ငံတွင် ကျင်းပ

စင်ကာပူ မတ် ၆

အာရှတံခွန်စိုက် ရေကူးပြိုင်ပွဲကို စင်ကာပူနိုင်ငံတွင် တနင်္ဂနွေနေ့က ဖွင့်လှစ်လိုက်သည်။ ယခုကျင်းပသည့် ရေကူးပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ရေကူးအားကစားသမား ၃၀၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

အာရှတံခွန်စိုက် ရေကူးပြိုင်ပွဲတွင် ရေကူးအားကစား ထိပ်တန်း၌ရှိနေသော တရုတ်နှင့် ဂျပန်နိုင်ငံတို့မှ ရေကူးသမားများသာမက ရေကူးအားကစားတွင် ရေပန်းစားခြင်းမရှိသော ပါကစ္စတန်နှင့်အိုမန်နိုင်ငံတို့မှ ရေကူး သမားများလည်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အာရှတံခွန်စိုက် ရေကူးပြိုင်ပွဲကို ငါးရက်တိုင်တိုင်ကျင်းပမည်ဖြစ်ပြီး တရုတ် ရေကူးအားကစားသမားများက ပွဲစဉ်ယှဉ်ပြိုင်မှုများတွင် လွှမ်းမိုးထားမည်ဟု မျှော်လင့်ရသည်။ ***အင်တာနက်။***

တောင်ငူအသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၆

တောင်ငူအသင်း (အုတ်တွင်း၊ ထန်းတပင် အပါအဝင်)၏ ဘွဲ့ခံဆရာတော် ခုနစ်ပါးပူဇော်ပွဲ၊ သီရိသုဓမ္မ သိင်္ဂီဘွဲ့ရ ဒေါ်သန်းသန်းနွဲ့ (ကြယ်နီဆေးပေါ့လိပ်) အား ဂုဏ်ပြုပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို မတ် ၁၅ ရက် နံနက် ၈ နာရီတွင် ရွှေတိဂုံဘုရားအရှေ့မုခ် ကြားတောရလမ်း ဇေယျာအောင်မြေ ဓမ္မသုခတိုက်၌ ကျင်းပမည်ဖြစ်ရာ သက်န်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးထွန်းထွန်း ဖုန်း-၀၉-၅၀၀၁၉၀၃၊ ဦးတင်လှ ဖုန်း-၇၂၂၇၈၅၊ ဒေါ်မြင့်မြင့်စန်း ဖုန်း-၀၉-၅၁၂၅၄၄၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဟိတေသီစုဘူးနှင့် ယောဂီစာရင်းသွင်းနိုင်

ရန်ကုန် မတ် ၆

ဗဟန်းမြို့နယ်၊ အမှတ် (၁၆) မဟာစည်သာသနာ့ရိပ်သာ ဟိယောသီအဖွဲ့၏ စုဘူးများနှင့် သင်္ကြန်ယောဂီစာရင်းနှစ်သစ်ကူး ပဒေသာပင်ဆွတ်ခူး လှူဒါန်းနိုင်ရန် စီစဉ်ထားပါသဖြင့် မတ် ၁၅ရက်မှစ၍ စုဘူးများ အပ်နှံနိုင်ပြီး သင်္ကြန် ယောဂီစာရင်းလည်း ပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၅၅၅၄၇၂ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် မျိုးဆက်ပွား ကျန်းမာရေးဆရာဖြစ် သင်တန်းဖွင့်ပွဲကို မတ် ၄ ရက်က မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်မြင့်သိန်း သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။ (၆၁)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

ရန်ကုန် မတ် ၆

ယနေ့မြန်မာစံတော်ချိန် ည ၉နာရီ ၅၃မိနစ် ၃၃စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ မြောက်ဘက် ၁၇၉ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ (ပဲခူးရိုးမအနီး) ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသည့် မြေငလျင် တစ်ခုလှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဝင်ခွင့်ရေးဖြေစာမေးပွဲတွင် နောင်နှစ် စာသင်နှစ်မှစ၍ ပါဠိနှင့် အင်္ဂလိပ်စာ ထည့်သွင်းမေးမြန်းပြီး ဆရာတော်များ၊ ပညာရှင်များအဖွဲ့က နှုတ်မေး လူတွေ့ စစ်ဆေးမည်

ရန်ကုန် မတ် ၆

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ စတင်ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာ မြင့်ကြည်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညို ကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသက ဆောင်ရွက်တော်မူသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻**



ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမ အစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

ခေတ်မီဘက်စုံတည်ဆောက်ရေးကဏ္ဍ လူသစ်တန်းပြိုင်ပွဲ ပထမ

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ “ခေတ်မီဘက်စုံတည်ဆောက်ရေးကဏ္ဍ” လူသစ်တန်းပြိုင်ပွဲ၌ ထင်အောင်(အင်းစိန်)က ပထမဆုဆွတ်ခူး ရရှိခဲ့သည်။ ၎င်း၏ ဆုရဓာတ်ပုံမှာ ရန်ကုန်မြစ်အတွင်း ဆိုက်ကပ်ထားသည့် ချင်းရွှေဟော်သင်္ဘောကို ခေတ်မီ မြို့ပြ အဆောက်အအုံများကို နောက်ခံထားပြီး ဒလဆိပ်ကမ်းဘက်မှ ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ ပုံကောင်းရရှိရန် သုံးရက် အချိန်ပေးခဲ့ရပြီး နောက်ဆုံးရက်ကျမှ စိတ်တိုင်းကျ ယခု ဆုရဓာတ်ပုံကို ရရှိခဲ့ကြောင်း ထင်အောင်(အင်းစိန်)က ကြေးမုံသို့ ပြောကြားသည်။ (ကြေးမုံ)

ဗိုလ်တေဇ အားကစားခန်းမ နတ်မောက်မြို့၌ ဖွင့်ပွဲကျင်းပ

ရုံတွင်း အားကစားနည်း အားလုံးအတွက် အသုံးပြုနိုင်

ရန်ကုန် မတ် ၆

မကွေးတိုင်း နတ်မောက်မြို့ ဗိုလ်တေဇ အားကစားခန်းမ ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် နံနက် ၉ နာရီတွင် ဗိုလ်တေဇအားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မကွေးတိုင်း၊ မကွေးခရိုင်နှင့် နတ်မောက်မြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အားကစားခန်းမသစ်ကို မကွေးတိုင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဝန်ကြီးက ဖွင့်ပွဲအထိမ်းအမှတ် ကြေးပြားမော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝန်ကြီးနှင့် တက်ရောက်လာသော ဧည့်သည်တော်များသည် အားကစားခန်းမသစ်ရှေ့၌ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အားကစားခန်းမသစ်အတွင်း ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ●